# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၀) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် သစ်များနှင့် ပတ်သက်၍ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူဆောင်ရွက်ပြီးပြတ်မှု အခြေအနေ၊ အများဆုံး ဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီး ဆောင်ရွက်နေမှု အခြေအနေများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) အမျိုးသားစာပေဆုချီးမြှင့်ရာတွင် လေးလုံးစပ်၊ အစဉ်အလာကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | (ဂ) စာပေဟောပြောပွဲများနှင့် ပတ်သက်၍ စည်းကမ်းတကျရှိစေရေးနှင့် ပါတီတချို့၏ လက်ကိုင်တုတ် ယန္တရားမဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ်ထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) မင်းဘူးမြို့၊ စက္ကိန်းတဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်အထိ ကမ်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | (င) သမဝါယမချေးငွေများကို မည်သို့ ချေးထားပါသနည်း၊ အသင်းသား၊ အသင်းသူသစ်များ ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာ ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

| | | |
|---|---|---|
| ၁၁ | (စ) ၂၀၁၀ ခုနှစ်က ဖောက်လုပ်သည့် ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၂ | ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၁ |
| ၁၃ | ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၃၆ |
| ၁၄ | ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးခြင်း | ၃၈ |
| ၁၅ | ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၄၁ |
| ၁၆ | ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၄၃ |
| ၁၇ | ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၅၁ |
| ၁၈ | ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၅၆ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၄ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## (၃၀)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၃–၇–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **၂၀၁၅–၂၀၁၆ နှင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈) ဝင်သစ်များနှင့် ပတ်သက်၍ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူဆောင်ရွက်ပြီးပြတ်မှုအခြေအနေ၊ အများဆုံးဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီး ဆောင်ရွက်နေမှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၏ **အမျိုးသားစာပေဆုချီးမြှင့်ရာတွင် လေးလုံးစပ်၊ အစဉ်အလာ ကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **စာပေဟောပြောပွဲများနှင့်ပတ်သက်၍ စည်းကမ်းတကျ ရှိစေရေးနှင့် ပါတီတစ်ချို့၏ လက်ကိုင်တုတ်ယန္တရား မဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ် ထုတ်ပြန်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူးမြို့၊ စကိန္တဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်အထိ ကမ်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **သမဝါယမ ချေးငွေများကို မည်သို့ ချေးထားပါသနည်း၊ အသင်းသား၊ အသင်းသူသစ်များ ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာ ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **၂၀၁၀ ခုနှစ်က ဖောက်လုပ်သည့် ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျော့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"တူးမြောင်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၁။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က **"မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၂။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၃။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာ ဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၄။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၅။ ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်က **"ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့် မြို့နယ်တို့တွင် တရားမဝင် ရွှေမှော် နှင့် ပယင်းမှော်များ တူးဖော် ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၆။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။** ။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၁၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၄၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၄ ရက်၊

(၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁ ရက်၊

(၅) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊

(၆) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၁ ရက်၊

(၇) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်နှင့်

(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် သစ်များနှင့် ပတ်သက်၍ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူဆောင်ရွက်ပြီးပြတ်မှု အခြေအနေ၊ အများဆုံးဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီးဆောင်ရွက်နေမှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ သစ်တောဦးစီးဌာနက ဆောင်ရွက်နေတဲ့ သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုတွေအပေါ်ကို ဥပဒေနှင့်အညီ စစ်ဆေးအယူမှုများနှင့်ပတ်သက်လို့ ဖမ်းဆီးရမိတဲ့သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ဌာနက သတ်မှတ်ထားတဲ့ပုံစံဖြစ်တဲ့ မှတ်တမ်းပုံစံ(၈)မှာ မှတ်တမ်းတင် ထိန်းသိမ်းပြီး ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊ ပြည်သူပိုင်အဖြစ်သိမ်းဆဲခြင်း၊ အမှုကိစ္စများပြီးပြတ်လျှင် ဌာနစုံ သို့မဟုတ် လေလံတင်ဒါဖြင့် ရောင်းချခြင်းများ ပြုလုပ်ဆောင်ရွက်ကြောင်း သိရပါတယ်။ သတင်းနှင့် စာနယ်ဇင်းတွေမှာ ဖော်ပြတဲ့သတင်းတွေအရ ဥပမာအနေနဲ့ သစ်တွေဖမ်းဆီးရမိမှုတွေထဲမှ ၂၀၁၇ ခုနှစ် ဧပြီလနှင့် မေလအတွင်းမှာ လားရှိုးမြို့နှင့် သိန္နီမြို့ကြားမှာ ၁၂ ဘီးကားငါးစီး၊ မန္တလေးနှင့် မူဆယ်လမ်းမှာ တမလန်းသစ်နှင့် ပိတောက်သစ် ၁၂ ဘီးကားနှင့် ကိုးစီး၊ နမ့်စန်မြို့နယ်မှာ သစ်မျိုးစုံ ၄၀၂ တန်၊ ပခုက္ကူနဲ့ မြိုင်ကားလမ်းမှာ သစ်ခွဲသားဆိုဒ်ကြီး ၁၂ ဘီးကားတစ်စီး၊ ချင်းတွင်းမြစ်သွားတဲ့ ရေရင်းမှ ရေစကြိုမြို့နယ်အတွင်း တမလန်းသစ်ခုနစ်တန် စသည်ဖြင့် သစ်များဖမ်းဆီးရတဲ့ သတင်းတွေ မကြာခဏဖတ်ခဲ့ရပါတယ်။ ဖမ်းဆီးရမိတဲ့သစ်များနဲ့ပတ်သက်လို့ အမှုစွဲတင်ရတဲ့အခါမှာ ဖမ်းဆီးသစ်တွေ ပျက်စီးလေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းမှုအလွန်အရေးကြီးတဲ့အပြင် ထိန်းသိမ်း စောင့်ရှောက်ရတဲ့ ဝန်ထမ်းတွေအနေနဲ့ အမှုကြာလာတဲ့နှင့်အမျှ ထိန်းသိမ်းရတဲ့တာဝန်က ဝန်ထုပ် ဝန်ပိုးဖြစ်လာတာ တွေ့ရပါတယ်။ ဒါတွေအတွက်လည်းပဲ ကြိုတင်စဉ်းစားစေချင်တာရယ်၊ သစ်တွေ ဖမ်းဆီးရရှိမှုအနေအထားအရ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ဘယ်ပြည်နယ်မှာ ပိုပြီးတော့ ဖမ်းမိ တဲ့အတွက် သေချာလေ့လာစိစစ်ပြီး ကာကွယ်ထိန်းသိမ်းသင့်တယ်။ တာဝန်ထမ်းတဲ့သစ်တောဝန်ထမ်း များရဲ့ လုံခြုံရေးအတွက်လည်း တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့များပါဝင်တဲ့ အဖွဲ့အစည်းများ နှင့်

ပူးတွဲတာဝန်ထမ်းဆောင်နိုင်ရေး ဘယ်လိုကြိုတင်စီမံဆောင်ရွက်သင့်လဲ စတာတွေအတွက် စဉ်းစား ဆောင်ရွက်ဆင်ခြင်ပြီးတော့လည်းပဲ တရားမဝင်သစ်ခွဲစက်တွေ၊ လက်ဆွဲစက်လွှတွေကိုလည်း စိစစ် ဖော်ထုတ်အရေးယူမှုတွေ ဖိဖိစီးစီးလုပ်စေလိုတာရယ်၊ ပြီးတော့ လေလံတင်ရောင်းချတဲ့အခါ မှာလည်း ထိုက်သင့်တဲ့ဈေးနှုန်းတွေရရှိနိုင်ဖို့အတွက် ကြီးကြပ်စေလိုတဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါ တယ်။

ဖမ်းဆီးရမိတဲ့ သစ်နှင့်သစ်တောထွက်ပစ္စည်းများဆိုတာ ပြည်သူပိုင်ပစ္စည်းများဖြစ်တဲ့အတွက် ပြည်သူအများ သိရှိအောင် ရှင်းလင်းချပြသင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်လည်းပဲ ပုံစံဝင်သစ် နှင့် သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်လို့ သစ်တောဦးစီးဌာနရဲ့ ဆောင်ရွက်မှုအခြေအနေကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတာကတော့ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈)ဝင်သစ်များနှင့်ပတ်သက်လို့ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူ ဆောင်ရွက်ပြီးပြတ်မှုအခြေအနေ၊ အများဆုံးဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီးဆောင်ရွက်မှု အခြေအနေများ ဖြေကြားပေးနိုင်ရေး မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိတဲ့ ပုံစံ(၈)ဝင်သစ်များနှင့်ပတ်သက်ပြီး ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူ ဆောင်ရွက်ပြီးပြတ်မှုအခြေအနေ၊ အများဆုံးဖမ်းဆီးရမိသောဒေသနှင့် ကာကွယ်တားဆီးဆောင်ရွက် မှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။

**မူကြမ်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ တရားမဝင်သစ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်း၊ သစ်မာ၊ အခြားအပါအဝင် ၄၆၁၅၃ တန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဖြင့် ၅၀၀၂၆ တန်ကို ကျွန်တော်တို့ ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒီမှာ Power Point မှာ ဖမ်းဆီးရမိတဲ့သစ်တန်များကို တင်ပြထားပါတယ်။ ခုနှစ်အလိုက်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဒါတိုင်းဒေသကြီးအလိုက် ဖမ်းဆီးရမိတဲ့သစ်ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်းပဲ တိုင်းဒေသကြီးအလိုက် ဖမ်းဆီးရမိတဲ့သစ်များဖြစ်ပါတယ်။ အဲဒီနည်းတူ ဒီမှာ ဆက်လက်ပြီးတော့ နည်းမျိုးစုံနဲ့ ဘယ်လိုများ ယာဉ်မျိုးစုံနဲ့သယ်ပြီးတော့ ဖမ်းဆီးရမိတာကိုလည်းပဲ ကျွန်တော် Power Point မှာ ဆက်လက်ပြီးတော့ တင်ပြထားပါတယ်။ များသောအားဖြင့် ဖမ်းဆီးရမိတဲ့ယာဉ်များကို ကျွန်တော်တို့ စစ်ဆေးကြည့်တဲ့အခါမှာ ၈၀ ရာခိုင်နှုန်းဟာဖြင့် လိုင်စင်မဲ့များဖြစ်ကြောင်း သိရပါတယ်။

ကျွန်တော်အနေနဲ့ နောက်ထပ်ဆက်လက်ပြီးတော့ ဖမ်းဆီးရရှိတဲ့ အမှုအရေအတွက်များကိုလည်းပဲ ဆက်လက်ပြီးတော့ တင်ပြသွားပါ့မယ်။၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ အမှုပေါင်းက ၁၅၂၄၃ မှုဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဖြင့် ၁၆၃၂၀ မှုဖြစ်ပါတယ်။ သစ်တောဥပဒေ၊ နည်းဥပဒေ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆ (၁)၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်တဲ့ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ နဲ့ အရေးယူဆောင်ရွက်တဲ့နေရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း တစ်နှစ်ချင်းအလိုက် ဖမ်းဆီးရမိမှုနှင့် အမှုပြီးပြတ်တဲ့အခြေအနေများကို ကျွန်တော် တင်ပြထားပါတယ်။ အခုနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဖြင့် ၁၅၂၄၃ မှုရပြီးတော့ ပြီးပြတ်သွားတာက ၁၃၉၇၅ မှုဖြစ်ပြီး ကျန်တာက ၁၂၆၈ မှုဖြစ်ပါတယ်။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၆၃၂၀ မှုရှိပြီးတော့၊ ပြီးပြတ်တာကတော့ ၁၄၁၀၆ မှုဖြစ်ပါတယ်။ အမှုကျန်တာကတော့ ၂၂၁၄ မှုဖြစ်ပါတယ်။ အမှုကျန်ရခြင်းရဲ့ အကြောင်းအရင်းလေးခုကို ကျွန်တော် တင်ပြချင်ပါတယ်။ (၁) တရားရုံးမှာ စီစဉ်နေဆဲ၊ (၂) တရားရုံးမှာ သက်သေခံတွေ မစုံလင်လို့၊ (၃) တရားခံပြေးလို့၊ (၄) တရားရုံးကချမှတ်ပေမဲ့ ချမှတ်တဲ့ပြစ်ဒဏ်နဲ့ အခုနက ပြစ်မှုနဲ့က ဆီလျော်မှုမရှိလို့ ပြန်လည်ပြင်ဆင်ပြီးတော့ အယူခံဝင်တာကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီအချက်များကြောင့် အမှုများကျန်ရှိခြင်းဖြစ်ပါတယ်။ သို့သော်လည်း ယခင်နှစ်

အမှုလက်ကျန် ၂၃၈၀ မှုကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၁၆၃၅၅ မှုနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ၁၅၁၆၆ မှုကိုတော့ အမှုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ဖမ်းဆီးရမိတဲ့ ခန့်မှန်းတန်ဖိုးများနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်ပြီး တင်ပြသွားပါ့မယ်။ ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်အမှုများအနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အမှုပြတ်ပြီးတော့ ပုံစံ(၈)ဝင် တရားမဝင်သစ် ကျွန်း၊ သစ်မာ(သစ်လုံး/ခွဲသား)အပါအဝင် ၃၄၂၂၁ တန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကြမ်းခင်းဈေးအရတွက်ချက်မယ်ဆိုလို့ရှိရင် ကျပ်သန်းပေါင်း ၃၈၅၀ ကျော် ရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဖြင့် အခုနက ဘဏ္ဍာရေးနှစ်အတွင်းမှာ အမှုပြတ်ပြီးတော့ ပုံစံ(၈)ဝင် တရားမဝင်သစ်က အခုနက ကျွန်း၊ သစ်မာ(လုံး/ခွဲသား) စုစုပေါင်းက ၅၀၂၄၅ တန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကြမ်းခင်းဈေးအရ ပြောမယ်ဆိုရင် တွက်ချက်တဲ့အခါမှာ ကျပ်သန်းပေါင်း ၅၃၁၀ ကျော် ရရှိခဲ့ပါတယ်။ ဖမ်းဆီးသစ်များကို မြန်မာ့သစ်လုပ်ငန်းကို လွှဲရပါတယ်။ ရက်ပေါင်း ၂၀ အတွင်းမှာ။ ရက်ပေါင်း ၂၀ အတွင်း မြန်မာ့သစ်လုပ်ငန်းက လက်ခံရန် မယူလိုကြောင်း အကြောင်းကြားလို့ရှိရင်တော့ ဖမ်းဆီးသစ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များမှာ လေလံဆွဲဖို့အတွက်၊ ရောင်းရန်အတွက် လေလံစီမံချက်ရေးဆွဲပြီးတော့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး စီမံခန့်ခွဲမှုကော်မတီရဲ့ ခွင့်ပြုချက်နှင့်အညီ ဒေသတွင်း ပြည်သူများသုံးစွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျော် သယ်ယူခွင့်မပြုဘဲနဲ့ ကန့်သတ်ချက်ဖြင့် လေလံတင်ရောင်းချလျက်ရှိပါတယ်။

အဲဒီအပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ကိုလည်းပဲ လုပ်ငန်းစဉ်ခုနစ်ရပ်နဲ့ ချမှတ်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအစီအစဉ်နဲ့ တစ်ကြိမ်ကို ခွဲသား တန် ၂၀၀ နဲ့ရောင်းချပေးပြီးတော့ အစိုးရဌာနအဖွဲ့အစည်းများ လိုအပ်ချက်အရလည်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်။ ဒီနေရာမှာ ဆက်လက်ပြီး အမှုအများဆုံးဖမ်းဆီးရရှိတာနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်တင်ပြပါ့မယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တရားမဝင်သစ် ဖမ်းဆီးရရှိရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ခိုလမ်ဒေသမှာ တရားမဝင်သစ် စုစုပေါင်း ၁၃၂၉.၃၆၂ တန်ကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဖြင့် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးဒေသမှာ တရားမဝင်သစ်စုစုပေါင်း ၇၀၄၃.၈၈၄ တန်ကို

လည်းကောင်း အများဆုံးဖမ်းဆီးရရှိခဲ့ပါတယ်။ အဆိုပါဒေသများရဲ့ ဖမ်းဆီးရမိမှုမှတ်တမ်းဇာတ်ပုံများဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ တရားမဝင်သစ်ခိုးထုတ်လုပ်မှုများ ကာကွယ်တားဆီးနေမှုအခြေအနေကို ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။ သစ်တောဦးစီးဌာနဟာ တရားမဝင်သစ်များခိုးယူထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးအတွက် တရားမဝင်သစ်ထုတ်လုပ်မှုများ ဖမ်းဆီးရရှိရေးကို အဓိက တရားမဝင်သစ် သယ်ယူတဲ့လမ်းကြောင်းနှင့် မြစ်ကြောင်းများတလျှောက်မှာ စစ်ကြောင်းပုံစံနဲ့ ဖမ်းဆီးခြင်း၊ တရားမဝင်သစ်များ ထွက်ရှိတဲ့ခရိုင်များမှာ လက်ထောက်ညွှန်ကြားရေးမှူးများ ခေါင်းဆောင်ပြီးတော့ စစ်ကြောင်းပုံစံဖြင့် ဖမ်းဆီးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဆက်လက်ပြီးတော့ သတင်းပေးတိုင်ကြားမှုအပေါ်မှာ သစ်တောဦးစီးဌာန(ရုံးချုပ်) စစ်ဆေးရေးအစီအစဉ်နဲ့ ကွင်းဆင်းဖမ်းဆီးခြင်းများကို စတဲ့နည်းလမ်းမျိုးစုံနဲ့ ဖမ်းဆီးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးရာမှာ ၂၀၀၂-၂၀၀၃ ခုနှစ် ကနေပြီးတော့ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ကျွန်တော်တို့ဌာနက လက်ထောက်ညွှန်ကြားရေးမှူးအဆင့် တစ်ဦးသေဆုံး၊ ဒဏ်ရာရတစ်ဦး အပါအဝင် စုစုပေါင်း ရှစ်ဦးသေဆုံးပြီးတော့ ၄၂ ဦးဒဏ်ရာရရှိခဲ့တဲ့အထိကို သစ်ခိုးထုတ်သူများရဲ့ ရန်ပြုမှုကိုလည်း ခံရပါတယ်။ တစ်ဖက်ကလည်းပဲ ဝန်ထမ်းများ အကျင့်စာရိတ္တကောင်းမွန်စေရန်နှင့် ဖမ်းဆီးတဲ့နေရာမှာ ပိုမိုပြီးတော့ဖမ်းဆီးနိုင်ရန်အတွက် တရားမဝင်သစ်ဖမ်းဆီးမှုကို အားပေးတဲ့အနေနဲ့ ဆုကြေးအဖြစ် ပုံစံ(၈)သစ် ကြမ်းခင်းဈေး ရဲ့ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူကိုလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကိုတော့ ဖမ်းဆီးတဲ့အဖွဲ့အစည်း ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်များကိုလည်းကောင်း၊ ယခု ဘဏ္ဍာရေးနှစ်ကစပြီးတော့ တိုးမြှင့်ပြီးတော့ ပေးသွားမှာဖြစ်ပါတယ်။ ယခု ၂၀၁၇ ခုနှစ်ကစပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ ဆက်စပ်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုနှင့် တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်မှုများ၊ ရောင်းဝယ်မှုများကို ပိုမိုထိရောက်စွာကာကွယ်တားဆီးနိုင်ရန်အတွက် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System)နဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် Hot Line တယ်လီဖုန်းနံပါတ်များကို လူမှုကွန်ယက်စာမျက်နှာများ၊ သတင်းမီဒီယာမှာဖော်ပြပြီး သတင်းရယူဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ခြင်းအပြင် ဖမ်းဆီးရရှိမှုသတင်းများကိုလည်း နေ့စဉ်သတင်းစာများအပြင် လူမှုကွန်ယက်များမှာလည်းပဲ ကျွန်တော်တို့ ဖော်ပြလျက်ရှိပါတယ်။ အဲဒီနည်းတူ ဦးစီးဌာနကနေ ထုတ်ပြန်တဲ့ လစဉ်ထုတ်ဝေထားတဲ့

သစ်တောကြေးမုံဂျာနယ်မှာလည်းပဲ အမြဲဖော်ပြထားပါတယ်။ ထို့အပြင် တရားမဝင်သစ်ခိုးထုတ်မှုများပြားတဲ့ဒေသများမှာ တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေး ဟောပြောပွဲများကိုလည်း ကျင်းပပြီးတော့ အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ဆက်စပ်ပြီးတော့ အခုနက ကိုယ်စားလှယ်တော်ကြီးမေးတဲ့အထဲမှာ ဒီ လွှစက်တွေ မှန်ပါတယ်။ Chain Saw နှင့်ပတ်သက်ပြီးတော့ အခု နေရာတိုင်းမှာ အကုန်လုံးကို သစ်တောဦးစီးဌာနမှာ တရားဝင်မှတ်ပုံမတင်ထားတဲ့ Chain Saw များကိုလည်းပဲ ကျွန်တော်တို့ အကုန်လုံးကို ဖမ်းဆီးအရေးယူလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သစ်ခိုးယူမှုများ၊ မတရားထုတ်လုပ်မှုများကို လျော့နည်းပပျောက်အောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်နေပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားစာပေဆုချီးမြှင့်ရာတွင် လေးလုံးစပ်၊ အစဉ်အလာကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးငြိမ်းသစ် (ခ) ဦးသောင်းထွန်း(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ အခုလာမယ့် အမျိုးသားစာပေဆုချီးမြှင့်မယ့်ပွဲမှာ အစဉ်အလာကဗျာတွေနည်းတူ ခေတ်ပေါ်ကဗျာကိုလည်းပဲ ဆုအဖြစ်နဲ့ထည့်သွင်းချီးမြှင့်နိုင်ခြင်းအစီအစဉ်ရှိ/မရှိဆိုတာကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က နှစ်စဉ်အမျိုးသားစာပေဆုများချီးမြှင့်လျက်ရှိပါတယ်။ ချီးမြှင့်လျက်ရှိတဲ့ဆုများကတော့ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ၊ ဘာသာပြန်၊ ကလေးစာပေ၊ ပြဇာတ်စာပေ၊ နိုင်ငံရေးစာပေစသည်ဖြင့်ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးချင်တာကတော့ ကဗျာစာပေဆုအကြောင်း ဖြစ်ပါတယ်။ ကဗျာဟာ ရသစာပေရဲ့အညွန့်အဖူးဖြစ်ပါတယ်။ ကဗျာဟာ လူထုတေးသံဖြစ်ပါတယ်။ ကဗျာဟာ ကောက်စိုက်တေးတွေ၊ စစ်ချီတေးတွေ၊ သားချော့တေးတွေကနေဆင်းသက်လာတဲ့ လူထုတေးသံဖြစ်ပါတယ်။ ကဗျာဆရာတွေဟာ ကဗျာကိုလက်နက်သဖွယ်ကိုင်စွဲပြီးတော့ နယ်ချဲ့ဆန့်ကျင်

ရေး၊ ဖက်စစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၊ အာဏာရှင်စနစ်တိုက်ဖျက်ရေး စတဲ့တိုက်ပွဲတွေမှာ ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာပေနဲ့ဘာသာစကားဟာ ဘယ်တော့မှရပ်တန့်မသွားပါဘူး။ အမြဲစီးဆင်းပြီးတော့ အမြဲရှင်သန်ဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်ပါတယ်။ မြန်မာစာပေဟာလည်း အမြဲရှင်သန်ဖွံ့ဖြိုးတိုးတက်နေပါတယ်။ စကားပြေဘက်မှာ ပြောင်းလဲတိုးတက်မှုတွေရှိသလို ကဗျာဘက်မှာလည်း တိုးတက်ပြောင်းလဲမှုတွေ ရှိပါတယ်။ ၁၉၇၀ ခုနှစ်လောက်ကစပြီးတော့ ကဗျာအဟောင်းတွေထဲကနေပြီးတော့ ကဗျာသစ်တွေခွဲထွက်လာတယ်။ တော်လှန်ကဗျာ၊ လွတ်လပ်ကာရံကဗျာ၊ ခေတ်ပေါ်ကဗျာတွေ အစပျိုးခဲ့တာ ဖြစ်ပါတယ်။ ဆရာမြဇင်၊ ဆရာမောင်သာနိုးနဲ့ ဆရာမင်းလူညွန့်ကျူးတို့ဟာ ခေတ်ပေါ်ကဗျာတွေရဲ့ သဘောသဘာဝတွေကို ပြည့်ပြည့်စုံစုံရေးသားတင်ပြနိုင်ခဲ့ပါတယ်။ အဲဒီကတည်းက ခေတ်ပေါ်ကဗျာရဲ့အယူအဆနဲ့ သဘောတရားတွေဟာ ခြေခြေမြစ်မြစ်ခိုင်ခိုင်မာမာ ရှိခဲ့တာဖြစ်ပါတယ်။ ဒီခေတ်ပေါ်ကဗျာက ကာရံသွေဖီမှု၊ သဒ္ဒါသွေဖီမှု၊ စကားလုံးသွေဖီမှု၊ ပုံသဏ္ဌာန်သွေဖီမှုတွေ ရှိပါတယ်။ လူငယ်ကဗျာဆရာတွေဟာ အဲဒီကတည်းက ကာရံပါမှကဗျာဖြစ်တယ်ဆိုတာကို ငြင်းဆန်ခဲ့ပါတယ်။ ကာရံမပါဘဲလည်း ကဗျာကောင်းတွေ ရေးနိုင်တယ်ဆိုတာကို ထောက်ပြခဲ့ပါတယ်။ အဲဒီအချိန်မှာ ကာရံမဲ့ခြင်း၊ မမဲ့ခြင်းက အဓိကမကျဘူး။ အဘိဓမ္မာမမဲ့ခြင်းက အဓိကကျတယ်ဆိုတဲ့ ဖော်ပြမှုတွေရှိပါတယ်။ အခုဆိုလို့ရှိရင် ဒီမြန်မာစာပေလောကမှာ ခေတ်ပေါ်ကဗျာရဲ့အခန်းကဏ္ဍက အလွန်အင်မတန်ကြီးမားကျယ်ပြန့်လာတာဖြစ်ပါတယ်။ နောက်ပြီးကျတော့ လူထုတွေရဲ့ဘဝကိုလည်း အများကြီးထင်ဟပ်ပါတယ်။ လူထုတွေရဲ့ တောက်ခေါက်သံ၊ လူထုတွေရဲ့ မွန်းကြပ်ဆို့နစ်သံနဲ့ ခေတ်ပြိုင်ခံစားမှုတွေကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၂၁ ရက် ကမ္ဘာ့ကဗျာနေ့က ကဗျာဆရာများသမဂ္ဂက ထုတ်ပြန်ကြေညာချက်မှာ ခေတ်ပေါ်ကဗျာတွေကို အမျိုးသားစာပေဆုချီးမြှင့်ဖို့ တိုက်တွန်းထားတာ ပါပါတယ်။ ဒီလိုပဲ ပျဉ်းမနားမြို့ အလယ်ရိုးမကဗျာဆုချီးမြှင့်ပွဲကို တက်ရောက်လာတဲ့ ကဗျာဆရာ ၁၀၀ ကျော်ကလည်း ခေတ်ပေါ်ကဗျာကို အမျိုးသားစာပေဆုချီးမြှင့်ဖို့ ဝိုင်းဝန်းလက်မှတ်ရေးထိုးကြပါတယ်။ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီရဲ့ မှားယွင်းမှုကြောင့်၊ ကော်မတီရဲ့ပေါ်လစီမှားယွင်းမှုတွေကြောင့် လူတစ်ယောက်တည်းက ကဗျာဆုကိုထပ်ခါထပ်ခါရနေ တာမဖြစ်သင့်ပါဘူး။ ကဗျာဆုရွေးချယ်တဲ့နေရာမှာ စကားလုံး၊ အတွေး၊ အာရုံခံစားမှု၊ လင်္ကာမြောက်မှုနှင့် အဲဒီကဗျာက ဘယ်ဘက်ကိုဦးတည်သလဲဆိုတာက အရေးကြီးပါတယ်။ အဲဒီအချက်တွေထည့်သွင်းပြီးတော့ရေးမှသာလျှင် ပြည်သူလူထု

နှင့်မကင်းကွာသည့် ကဗျာမျိုးတွေပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာစာတိုးတက်ဖွံ့ဖြိုးဖို့အတွက် အမျိုးသားစာပေဆုချီးမြှင့်ရာမှာ အစဉ်အလာကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်းရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က နှစ်စဉ်အမျိုးသားစာပေဆုများ ချီးမြှင့်လျက်ရှိရာမှာ ယခုနှစ်မှာအမျိုးသားစာပေဆု ချီးမြှင့်တဲ့နေရာမှာ လေးလုံးစပ်၊ အစဉ်အလာကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းခဲ့သော မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်းအား အထူးပင်ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကောင်းပေမွန်များထွက်ရှိရေးအတွက် ၁၉၄၈ ခုနှစ်ကစပြီး စာပေဆုများကို ချီးမြှင့်လျက်ရှိပါတယ်။ အမျိုးသားစာပေဆုများ ချီးမြှင့်ရာမှာ စာပေအမျိုးအစားဘာသာရပ် ၁၆ မျိုး ချီးမြှင့်လျက်ရှိပြီး အဲဒီထဲမှာ ကဗျာပေါင်းချုပ်ဘာသာရပ်လည်း ပါဝင်ပါတယ်။

ယခုအခါမှာ ပြောင်းလဲလာတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အခင်းအကျင်းများနှင့်အညီ အမျိုးသားစာပေဆုရွေးချယ်ရေးကို ပိုမိုလွတ်လပ်ပြီးပွင့်လင်းမြင်သာမှုရှိစေရေး၊ ရသင့်ရထိုက်သောသူ ဆုရရှိစေရေးနှင့် ဆုနှင့်သင့်လျော်သော အဆင့်မီစာအုပ်များကို ဆုရွေးချယ်ချီးမြှင့်ပေးနိုင်ရေးတို့အတွက်

နိုင်ငံ့ဝန်ထမ်းများမပါဝင်စေဘဲ မြန်မာ့စာနယ်ဇင်းလောကမှာ သြဇာတိက္ကမကြီးမားပြီး အများပြည်သူ အသိအမှတ်ပြုခံရတဲ့ စာပေပညာရှင်ကြီးများ ပါဝင်ဖွဲ့စည်းထားတဲ့ အမျိုးသားစာပေဆုစိစစ်ရွေးချယ် ရေးကော်မတီနဲ့ ဖွဲ့စည်းစိစစ်ရွေးချယ်ပေးလျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို ၁၇-၂-၂၀၁၇ ရက်နေ့မှာ အဖွဲ့ဝင် ၇၇ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ၄-၄-၂၀၁၇ ရက်နေ့မှာကျင်းပခဲ့တဲ့ ဥက္ကဋ္ဌအဖွဲ့နှင့် ဘာသာရပ်အလိုက် အဖွဲ့ခေါင်းဆောင်များပါဝင်တဲ့ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇)မှာ ကဗျာပေါင်းချုပ်ဆုဘာသာရပ်မှာ အစဉ်အလာကဗျာစာအုပ်ဖြစ်စေ၊ ခေတ်ပေါ်ကဗျာစာအုပ်ဖြစ်စေ ကဗျာပေါင်းချုပ်အဖွဲ့ငယ်က ဆုချီးမြှင့်ရန် ထိုက်တန်သည်လို့ စိစစ်ရွေးချယ်တဲ့စာအုပ်တစ်အုပ်ကို ယခင်နှစ်များနည်းတူဆုချီးမြှင့်ရန် ဆွေးနွေးလျာထားခဲ့ကြပါတယ်။ အဆိုပါဆွေးနွေးချက်ကို စိစစ်ရွေးချယ်ရေးကော်မတီဝင်အားလုံးပါဝင်တဲ့ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ကြီး အစည်းအဝေး(၂/၂၀၁၇)မှာ အတည်ပြုပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုနှစ်အမျိုးသားစာပေဆုချီးမြှင့်ရာမှာ ကဗျာပေါင်းချုပ်ဘာသာရပ်မှာ ခေတ်ပေါ်ကဗျာစာပေဆုဆိုပြီး သီးခြားဆုချီးမြှင့်ရန်တော့ အစီအစဉ်မရှိသေးပါကြောင်းနှင့် အထက်မှာတင်ပြခဲ့သလို အစဉ်အလာကဗျာဖြစ်စေ၊ ခေတ်ပေါ်ကဗျာဖြစ်စေ ထည့်သွင်းစဉ်းစားပြီး ကဗျာပေါင်းချုပ်ဆုအဖြစ် ရွေးချယ်ချီးမြှင့်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စာပေဟောပြောပွဲများနှင့် ပတ်သက်၍ စည်းကမ်းတကျရှိစေရေးနှင့် ပါတီတချို့၏ လက်ကိုင်တုတ်ယန္တရားမဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ်ထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာပေဟောပြောပွဲဥပဒေတစ်ရပ် ရေးဆွဲထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိဆိုပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်း တင်ပြထားပါတယ်။ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေမြှင့်မှ လူမျိုးတင့်မယ်၊ စာပေတန်ဆောင် မီးရှူးရောင်၊ အလိမ္မာမှာ စာမှာရှိ စသဖြင့် စာပေရဲ့အရေးကြီးမှုကို တန်ဆာဆင်ခဲ့ကြပါတယ်။ စာပေဟာ လူတစ်စု၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ

အတွက် အရေကြီးတဲ့သော့ချက်ဖြစ်တယ်ဆိုတာ အငြင်းပွားဖွယ်ရာ မရှိပါဘူး။ ဒါကြောင့်လည်း စာအုပ်စာပေတွေ ဖန်တီးရေးသားကြတဲ့ စာရေးဆရာကြီးတွေကို စာဖတ်ပရိသတ်နှင့် ထိတွေ့စေရန်အတွက် ယန္တရားတစ်ရပ်ဖြစ်တဲ့ စာပေဟောပြောပွဲတွေဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့လက်ခံပါတယ်။ တကယ်တော့ စာပေဟောပြောပွဲဆိုတာ နိုင်ငံအများစုမှာမရှိတဲ့ အစဉ်အလာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ၁၂ လရာသီပွဲတွေနဲ့အတူ နတ်တော်လမှာ စာပြန်ပွဲကျင်းပတဲ့ ဓလေ့ရှိပါတယ်။ ထို့အတူ ဒီဘက်ခေတ်မှာတော့ ပြည်သူအများ ဗဟုသုတရစိမ့်သောငှာ နတ်တော်လမှာ စာပေဟောပြောပွဲတွေ ကျင်းပခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ ယခုအခါမှာတော့ စာပေဟောပြောပွဲတွေကို တစ်နှစ်ပတ်လုံး ဆောင်ရွက်ကြတာကိုလည်း တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ပါတီကြီးတစ်ခုက အရေးမသာနိုင်တဲ့ နယ်မြေ ၂၀ ကျော်မှာ စာပေဟောပြောပွဲတွေ လုပ်ရမယ်ဆိုတဲ့စီမံချက်တွေ ထွက်ခဲ့ပါတယ်။ အဲဒီအတိုင်းလည်း လုပ်ခဲ့ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေကိုလည်း စာရေးဆရာဆိုသူအချို့ လာကြပါတယ်။ ဟောကြပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် စာရေးဆရာဆိုသူအချို့ဟာ ပါတီတချို့ရဲ့လက်ကိုင်တုတ်ဖြစ်နေပြီလားဆိုတာ ရှင်းလင်းစွာတွေ့မြင်နိုင်ပါတယ်။ စာပေဟောပြောပွဲဆိုလို့ သွားပြီးနားထောင်တာ။ အစိုးရမကောင်းကြောင်းပဲပြောနေတာ နားထောင်ခဲ့ရတယ်။ ဘာစာပေအနှစ်သာရမှ မရှိဘူးဆိုတဲ့ ပြည်သူတွေရဲ့အသံကိုလည်း ကျယ်ကျယ်လောင်လောင် ကြားသိခဲ့ရပါတယ်။ အချို့ဟောပြောပွဲတွေမှာဆိုရင် စပွန်ဆာမရှိတော့ တစ်အိမ်ထောင်ကို ဆန်တစ်ပြည်၊ ငွေ ၁၀၀၀ ကောက်ခံပြီးတော့မှ စုပေးရတာတွေလည်း စိတ်မကောင်းစွာနဲ့ကြားသိရပါတယ်။ တကယ်တော့ စာပေဟာ စာပေအတွက်၊ စာပေဟာ ပြည်သူအတွက်ပဲ ဖြစ်သင့်ပါတယ်။ အခုတော့ အရောင်ဆိုးခံနေရပြီလို့ ကျွန်တော်ရင်နာစွာနဲ့ နားလည်ခဲ့ရပါတယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒီမေးခွန်းကို လွှတ်တော်မှာတင်ပြရတာ ဂုဏ်သရေရှိတဲ့ စာရေးဆရာကြီး၊ စာရေးဆရာမကြီးအချို့ကို အင်မတန်မှအားနာပါတယ်။ တောင်းလည်းတောင်းပန်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲက မြို့တစ်မြို့မှာ စာပေဟောပြောပွဲအတွင်း ဘာသာရေးစော်ကားတဲ့ စကားတွေပြောခဲ့လို့ ဟောပြောသူဟာ တရားစွဲခံရပါတယ်။ ထောင်ကျပါတယ်။ နောက်လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်သွားတယ်လို့သိရပါတယ်။ တကယ်တော့ ဥပဒေမရှိလို့ ဒါတွေဖြစ်နေကြရတာပါ။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲပြီးသွားပေမဲ့ စာပေဟောပြောတဲ့ စာရေးဆရာဆိုသူအချို့ဟာ ပြီးသွားပြီလို့မတွက်ပါဘူး။ သူတို့ဆက်လုပ်နေပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့က ထုတ်တဲ့ဂျာနယ်တစ်စောင်ထဲမှာ ကျွန်တော်ပါလာပါတယ်။ အဲဒီဂျာနယ်မှာ သူတို့သတင်းပါလာတယ်။ ကျွန်တော် ဂျာနယ်ကိုးကားတဲ့ လွှတ်တော်ကိုယ်စားလှယ်မဖြစ်ချင်ပါဘူး။ မလွှဲသာလို့

ကိုးကားရတာဖြစ်ပါတယ်။ မင်းကင်းမြို့နယ်၊ အုတ်နဲ့ဖုတ်ဆိုတဲ့ရွာမှာ အဲဒီစာရေးဆရာ နှစ်ယောက်က လာပြီးတော့မှ ရေးပါတယ်။ စာရေးဆရာတစ်ယောက်က ဆောင်းပါးရေးထားတာကို ကျွန်တော် ကောက်နုတ်တင်ပြပါမယ်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲမှာ လူထုချစ်သောပါတီက ကိုယ်စားလှယ်အနိုင် ရသည်ကို မြင်လိုကြောင်း၊ စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်ကသာ ဒေသအကျိုးကို ဆောင်ရွက် နိုင်ပြီး မြို့နယ်ဂုဏ်ကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ လူရွေးမမှားစေချင်ကြောင်း ပြောဆိုပြီးတော့ မဲဆွယ်ခဲ့ပါတယ်။ အမှန်တော့ ဒါဟာ အဲဒီစာရေးဆရာတွေရဲ့လုပ်ပိုင်ခွင့် မဟုတ်ဘူးဆိုတာ အားလုံး လည်းသိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့လေးလလောက်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်တဲ့ ဗိုလ်ချုပ်အောင်စိုးက လွှတ်တော်မှာပြောကြားခဲ့တာကတော့ စာပေဟောပြောပွဲတွေကို ရပ်/ကျေးဥပဒေထုတ်ပြန်ပြီးတဲ့အခါမှာ ပိုပြီးတော့မှ Relax ဖြစ်လာလိမ့်မည်လို့ ဖြေသွားတာကိုလည်း မှတ်သားလိုက်ရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ စာပေဟောပြောပွဲတွေဟာ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီး တယ်ဆိုတာ ယုံကြည်တယ်။ အရေးကြီးတဲ့ကိစ္စဖြစ်လို့ ရပ်/ကျေးဥပဒေရဲ့လုပ်ပိုင်ခွင့်အနေနဲ့မဟုတ်ဘဲ သီးခြားစာပေဟောပြောပွဲဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့်တယ်လို့လည်း မြင်ပါတယ်။ အခုဆိုရင် အမုန်း စကားဥပဒေကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရေးဆွဲနေပြီလို့ ကြားသိရပါတယ်။ ဒီဥပဒေက ဘုန်းကြီးတွေကို ရည်ရွယ်တာပါ။ စာရေးဆရာတွေနဲ့မဆိုင်ပါဘူး။ ဒါကြောင့် ဘာပဲလုပ်လုပ် ဥပဒေရှိတာ၊ ဥပဒေအတိုင်းလုပ်တာက အကောင်းဆုံးပါပဲ။ ဥပဒေကသာလျှင် Binding Power အရှိ ဆုံးဖြစ်ပါတယ်။ ဒါကြောင့် ပြဿနာဖြစ်မှ Existing Law တွေထဲက ဆက်စပ်တဲ့ပုဒ်မတွေကို ရှာဖွေဆွဲ ထုတ် အရေးယူရတယ်ဆိုတာ ဆန်စင်ရာကျည်ပွေ့လိုက်သလို ဖြစ်နေပါတယ်။ အဲဒီလိုမဖြစ်အောင် စာပေဟောပြောပွဲဥပဒေတစ်ရပ်ရေးဆွဲကျင့်သုံးတာဟာ ရေရှည်မှာ လူ့အဖွဲ့အစည်းအတွင်း အိန္ဒြေရ ပြီးတော့မှ ရင့်ကျက်တည်ငြိမ်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းကတော့ စာပေဟောပြောပွဲဥပဒေတစ်ရပ် ရေးဆွဲပြီးတော့မှ ထုတ်ပြန်ကျင့်သုံးရန် အတွက် အစီအစဉ်ရှိ/မရှိဖြစ်ပါကြောင်း လွှတ်တော်မှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ မေးခွန်းကိုရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စာပေဟောပြောပွဲများနှင့်ပတ်သက်ပြီး အစိုးရအနေနဲ့ စည်းကမ်းတကျရှိစေရန်နဲ့ စာပေဟောပြောပွဲများသည် ပါတီတချို့ရဲ့ လက်ကိုက်တုတ်ယန္တရားမဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ်ထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းခဲ့တဲ့ မင်းကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ကို အထူးကျေးဇူးတင်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကိုမဖြေခင် စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံကို အကျဉ်းမျှရှင်းပြလိုပါတယ်။ ဂျပန်ခေတ်မှာ ပညာတံခွန်အသင်းက ကွန်းခြံကုန်းမြို့မှာ အဘိဓာန်ကျမ်းနှင့်ပညာစွယ်စုံကျမ်းများ ပြုစုနေစဉ်မှာ ဦးပုညနေ့ ကျင်းပရေးအတွက် အစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ရှာမှာ စာဆိုတော်တစ်ဦးတည်းအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပတာထက် စာဆိုတော်အများနဲ့သက်ဆိုင်တဲ့ နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ကျင်းပဖို့ အသင်းကြီးက သဘောတူခဲ့ကြပါတယ်။ ဒါကြောင့်မို့ အသင်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ၊ စာပေပညာရှင်များနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များဟာ ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြပြီး မြန်မာသက္ကရာဇ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့် ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်းတစ်ရက်)မှာ စတင်ကျင်းပခဲ့ပါတယ်။

ဒီလိုအားဖြင့် မြန်မာတို့ရဲ့ ၁၂ လရာသီပွဲတော်များမှာ နတ်တော်လဆန်း (၁)ရက်နေ့သည် စာဆိုတော်နေ့အဖြစ်နဲ့ ပါဝင်လာခဲ့ပြီးတော့ အဲဒီနေ့နဲ့အဲဒီဝန်းကျင်နေ့ရက်များမှာ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ သက်ကြီးစာပေပညာရှင်ပူဇော်ကန်တော့ပွဲများ၊ စာပေပြိုင်ပွဲ

များကို ကျင်းပလာခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ ယခုအခါမှာတော့ စာဆိုတော်ရာသီဖြစ်တဲ့ နတ်တော်လအပြင် အခါအခွင့်သင့်သလို စာပေဟောပြောပွဲတွေ၊ စာပေပြိုင်ပွဲတွေ အနယ်နယ်အရပ်ရပ်မှာ ပြုလုပ်လာခဲ့ကြတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုဗဟုသုတ ရရှိရေးတို့အတွက် အရေးပါတဲ့ အထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ စာပေဟောပြောပွဲအမည်ခံ နိုင်ငံရေးဟောပြောပွဲတွေကို အကန့်အသတ်မရှိ ဆောင်ရွက်နေကြတယ်လို့ ပါရှိပါတယ်။ တကယ်တော့ စာပေဟောပြောပွဲများမှသာမဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးဟာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ရဲ့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၅၄ မှာပါတဲ့ အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲခွင့်ရှိပါတယ်။ ဒီပုဒ်မကို ပြန်လည်တင်ပြရမယ်ဆိုရင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ)တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်သာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်တို့ဖြစ်ပါတယ်။

ဒီသဘောအရ စာပေဟောပြောပွဲများမှာ ဟောပြောသူတို့အနေနဲ့ ၎င်းတို့အသီးသီးရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဟောပြောနေတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့သော် လွတ်လပ်မှုကိုကျင့်သုံးရာမှာ လွန်ကျူံမှုမရှိစေရန်အတွက်တော့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများချမှတ်ထားရှိတာကိုလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာပေဟောပြောပွဲများကျင်းပခွင့်နှင့်ပတ်သက်ပြီး လက်ရှိလိုက်နာဆောင်ရွက်လျက်ရှိတဲ့ တည်ဆဲဥပဒေများကတော့ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပဲ ဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ ၁၃ ပုဒ်မခွဲ(စ)နဲ့ နည်းဥပဒေ ၁၄ (က)(၁)တို့အရ စာပေဟောပြောပွဲများ၊ တရားပွဲများကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အစပြုပြီး သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးအထိ အဆင့်ဆင့်ထောက်ခံချက်များဖြင့် တင်ပြခွင့်ပြုချက်ပြီး ဆောင်ရွက်နေရတာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အဲဒီလို ခွင့်ပြုဆောင်ရွက်ပေးရာမှာ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေပြီး နိုင်ငံတော်မူဝါဒနဲ့ ဆန့်ကျင်တဲ့ ဟောပြောမှုများမပါရှိစေရန်၊ သတ်မှတ်စည်းကမ်းချက်များနဲ့ ညီညွတ်စေရန်နဲ့ စာပေဟောပြောပွဲလုံခြုံရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ပါဝင်တဲ့အဖွဲ့က လိုအပ်သလို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ယခုအခါမှာ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကို ၂-၁၂-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၁/၂၀၁၆) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေရဲ့ပုဒ်မ ၁၀၊ ပုဒ်မခွဲ(စ)မှာ အများပြည်သူသို့ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်းဟူ၍ ဖော်ပြထားပါတယ်။ မူလကလို ခရိုင်အဆင့်အထိ တင်ပြရန်မလိုဘဲ မြို့နယ်အဆင့်ထိသာ တင်ပြဖို့ဖြေလျှော့မှု ပြုလုပ်ပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပြီး ဒီအတိုင်းပဲ လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ပြန်လည်ခြုံငုံတင်ပြရမယ်ဆိုရင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေဖို့ စာပေဟောပြောပွဲတွေ၊ စာပေဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ မရှိမဖြစ်လိုအပ်ပါတယ်၊ စာပေဟောပြောပွဲများ စနစ်တကျရှိစေရေးအတွက်ကတော့ လက်ရှိမှာ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ စာပေဟောပြေပွဲကျင်းပခြင်းနဲ့

ဟောပြောဆွေးနွေးမှုများဟာ တည်ဆဲဥပဒေတစ်ရပ်ရပ်နဲ့ ငြိစွန်းရင်ငြိစွန်းတဲ့အလျောက် ထိခိုက်နစ်နာသူကဥပဒေနဲ့အညီ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပါတီအချို့ရဲ့ လက်ကိုင်တုတ်ယန္တရားမဖြစ်စေရေးအတွက် ရည်ရွယ်ပြီးစာပေဟောပြောပွဲဥပဒေ ရေးဆွဲထုတ်ပြန်ဖို့ ဆိုတာနဲ့ ပတ်သက်လို့ကတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိအချိန်ထိဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ တကယ်တော့လည်း ဝန်ကြီးဖြေကြားသွားတဲ့ Existing Law တွေက တော့ ကျွန်တော်တို့လည်း သိရှိပြီးဖြစ်ပါတယ်။ သို့သော်လည်း အားလုံးပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင်ပြောပေးတဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောကြားရခြင်းဖြစ်ပါတယ်။ အခု ကျွန်တော့် အနေနဲ့ကတော့ စောစောကတင်ပြချက်အထဲမှာလည်း ပါပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာရှိတဲ့ မြို့နယ်တစ်မြို့နယ်မှာ ဒီလို Existing Law တွေကို ဖောက်ဖျက်လို့ အရေးယူရတယ်ဆိုတာ မကောင်းဘူး။ ဒါပေမဲ့လည်း ဒါတွေက ဖြစ်ခဲ့သွားပြီးပြီ။ အခုလည်း ကျွန်တော်ပြောသလို ဒီစာအုပ်ထဲမှာ သူကိုယ်တိုင် Combative ဖြစ်နေတဲ့ဟာရှိနေ တယ်။ ကျွန်တော်တို့ တရားမစွဲချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူ့ရဲ့ ကိုယ်စားလှယ်တွေဖြစ်ပြီးတော့မှ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်လျက်နဲ့ ပြည်သူတွေကိုလာပြီးတော့မှ Awareness ပေးတယ်ဆိုတဲ့ စာရေးဆရာတစ်ယောက်ကိုတရားစွဲတယ်ဆိုတာ မကောင်းပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တရားမစွဲရလေအောင် ဥပဒေကို ကျွန်တော်တို့က ပြဋ္ဌာန်းပေးဖို့ ပြောတာပါ။ အခု ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးဥပဒေမှာ ဘာမှဒီဟာတွေနဲ့ပတ်သက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းတွေ၊ Regulation တွေမပါပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေမှာလည်း Right ရှိတယ်။ အဲဒါက ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ ကိုယ်တိုင် ဥပဒေရေးဆွဲပြီးတော့မှ တင်ပြလို့ရပါတယ်။ Right ရှိတယ်။ သို့သော် ကျွန်တော်တို့က ဒါအဖေထက် သားတစ်လကြီးဖြစ်မှာစိုးလို့ ပြန်ကြားရေးဝန်ကြီးဌာနက လုပ်မှာလားဆိုပြီးတော့မှ တင်ပြတာဖြစ်ပါ တယ်။ ပြန်ကြားရေးဝန်ကြီးဌာနမလုပ်နိုင်ဘူးဆိုလို့ရှိရင်တော့လည်း ဆက်လက်ပြီးတော့မှ ဆောင်ရွက် သွားဖို့ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမဟုတ်လို့ ပြန်ကြားပြီးတော့ ဖြေကြားဖို့တော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မလိုပါဘူး။ ဒါပေမဲ့ ကိုယ်စားလှယ်ကြီးရဲ့ သဘောထားကိုတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သိပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေအနေနဲ့လည်း ဆွေးနွေးတဲ့ အခါမှာ နည်းဥပဒေက လိုအပ်ခြင်းမရှိဘဲနဲ့ အတိတ်ကာလအဖြစ်အပျက်ကို မေးမြန်းတဲ့မေးခွန်းမျိုး မဖြစ်ဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ခုက မေးခွန်းတွေမေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ် များအားလုံး အသိပေးလိုပါတယ်။ နည်းဥပဒေ ၁၄၄(ခ) က လွှတ်တော်ကတစ်ဆင့်မေးတာမဟုတ်ပါ ဘူး။ လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးရမှာဖြစ်ပါတယ်။ ဒါက ဥက္ကဋ္ဌကခွင့်ပြုလို့မေးခွန်းဖြစ်လာ တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကခွင့်မပြုရင် မေးခွန်းဆိုတာပေါ်မလာပါဘူး။ ဒါကြောင့်မို့လို့ နည်းဥပဒေ ၁၄၄(ခ) ကို သေသေချာချာလေ့လာမှတ်သားပါ။ နည်းဥပဒေ ၁၄၄(ခ) အရ မေးခွန်းတွေမေးတဲ့အခါ မှာ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်ပဲ မေးရမှာဖြစ်ပါတယ်။ လွှတ်တော်ကနေတစ်ဆင့်မေးလို့ မရပါဘူး။ အဲဒီအသုံးအနှုန်းလေးတွေကိုလည်းသိဖို့ အားလုံးကို အသိပေးလိုပါတယ်။

**မင်းဘူးမြို့ စက္ကိန်းတဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်အထိ ကမ်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လိုအပ်လျက်ရှိနေသော မင်းဘူးမြို့ ဧရာဝတီမြစ်ကမ်းနံဘေး၊ စက္ကိန်းတဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်ကမ်းအထိ ကမ်းပတ် တာနှင့် ရေထိန်းတံခါးများတည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသ ကြီး၊ မင်းဘူးမြို့ဟာ ရပ်ကွက်ကြီးလေးရပ်ကွက်နှင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အမှတ်(၁)၊ (၂)၊ (၃)၊ (၄)ရပ်ကွက်ဆိုပြီးတော့ တည်ရှိပါတယ်။ အဲဒီ လေးရပ်ကွက်ထဲမှာမှ အမှတ်(၁)ရပ်ကွက်မှလွဲလို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နဲ့ အမှတ်(၄)ရပ်ကွက် အနိမ့်ပိုင်း များဟာ နှစ်စဉ် ဧရာဝတီမြစ်ရေ ကြီးမြင့်မှုဒဏ်ကို ခံစားနေကြရပါတယ်။ အဲဒီလို နှစ်စဉ် ဧရာဝတီမြစ် ရေ နစ်မြုပ်မှုဒဏ်ကို ဒေသခံပြည်သူများ ခံစားနေရတဲ့အတွက် စားဝတ်နေရေးတွေအဆင်မပြေ

သကဲ့သို့ လမ်းပန်းဆက်သွယ်ရေးတွေလည်း အခက်အခဲကြုံတွေ့နေရပါတယ်။ ရေဘေးဒဏ်ပြည်သူများကို ထောက်ပံ့ကြေးပေးနေရသလို ရေနစ်မြုပ်မှုကြောင့် ပျက်စီးသွားတဲ့လမ်းတွေ၊ တံတားတွေ၊ အဆောက်အဦတွေကို နှစ်စဉ်ပြုပြင်ပေးနေရတဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေတွေကုန်ကျသလို စေတနာရှင်ပြည်သူများရဲ့ ပံ့ပိုးကူညီမှုကြောင့် ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေလည်း နှစ်စဉ်ကုန်ကျနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်က မင်းဘူးမြို့မှာ ရေဝတီမြစ်ရေကြီးမှု မှတ်တမ်းဓာတ်ပုံအချို့ပဲဖြစ်ပါတယ်။ ဒါတွေဆိုလို့ရှိရင် ခေါင်မြုပ်တဲ့ထိအောင် ရောက်နေတာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် မြစ်ကမ်းနံဘေး ကမ်းနားလမ်းတစ်ဝိုက်ပဲဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကမ်းနားလမ်းရဲ့အကျော် ဒီဘက်က အလယ်လမ်းနားက အိမ်တွေပဲဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ မြစ်ကမ်းနဲ့တော်တော်ဝေးတဲ့နေရာအထိအောင်ရောက်လာတဲ့ အနေအထားဖြစ်ပါတယ်။ ဒါက အလယ်လမ်းပဲဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေကိုယ်တိုင် ပြည်သူတွေရဲ့စေတနာနဲ့ပူးပေါင်းပြီးတော့ ဝိုင်းဝန်းပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ဒါကတော့ ဒေသခံပြည်သူတွေ ရေဘေးလွတ်ရာနေရာတွေမှာ ဖြစ်သလိုနေရတဲ့အနေအထားဖြစ်ပါတယ်။ ဒါလည်း ဓမ္မာရုံတွေမှာ နေရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြီးခဲ့တဲ့နှစ်က ရေဘေးသင့်ပြည်သူတွေကို ပံ့ပိုးဖို့ဆိုပြီးတော့ ရောက်ရှိလာတဲ့ခရီးစဉ်ဖြစ်ပါတယ်။ ဒါကတော့ သမ္မတကြီးကိုယ်တိုင် ကျွန်တော်တို့ ဓမ္မာရုံတစ်ခုမှာ ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေတံခါးများတည်ဆောက်ဖို့ဖြစ်ပါတယ်။ အနီဝိုင်းလေးတွေ လေးဝိုင်းက ရေတံခါးလေးပေါက် တည်ဆောက်ရမယ့်နေရာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နှစ်စဉ်ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူများရဲ့ အခက်အခဲများ အဆင်ပြေစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေတွေ နှစ်စဉ်ကုန်ကျမှုသက်သာစေရေးတို့အတွက် လိုအပ်လျက်ရှိနေတဲ့ မင်းဘူးမြို့ ရေဝတီမြစ်ကမ်းနံဘေး စက္ကိန်းတဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်ကမ်းအထိ ကမ်းပတ်တာနှင့် ရေထိန်းတံခါးများတည်ဆောက်ပေးနိုင်ပါရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအဖြစ်သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေအဖြစ်သော်လည်းကောင်း လျာထားတောင်းခံဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစီအစဉ်မရှိသေးပါက မည်သည့်အတွက်ကြောင့်

မရှိသေးပါကြောင်း ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေဟာ မိုးရာသီအတွင်းမှာ ဧရာဝတီမြစ်ရေတက်ချိန် မြစ်ရေဝင်ရောက်ပြီး ရေကြီးရေလျှံမှု၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိကြောင်း သိရပါတယ်။ ယင်းကို ကာကွယ်ပေးနိုင်ဖို့အတွက် မင်းဘူးမြို့ကမ်းနားလမ်းရဲ့အပြင်ဘက် မြစ်ဘက်အခြမ်းမှာ ကမ်းနားလမ်းနှင့်ထိစပ်ပြီး စက္ကိန်းတဲဘုရားမှ ရွာသာကျေးရွာထိပ်အထိ ကမ်းပတ်တာ အလျား ပေ ၈၀၀၀ ခန့် တည်ဆောက်ရမှာဖြစ်ပါတယ်။ တည်ဆောက်ပြီးတော့ ရေတံခါးငါးခု ထည့်သွင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကတော့ မင်းဘူးမြို့နယ်၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်ရှိနေတဲ့လုပ်ငန်းများဖြစ်ပါတယ်။ အဆိုပါ မင်းဘူးမြို့ကမ်းပတ်တာတည်ဆောက်ခြင်းနှင့် ရေတံခါးများထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့နဲ့စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှပူးပေါင်းပြီး ကွင်းဆင်းတိုင်းတာ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမယ့်လုပ်ငန်းကဏ္ဍများနဲ့ပတ်သက်ပြီးတော့ လိုအပ်တဲ့ဒီဇိုင်းပုံစံများရေးဆွဲမှု ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းတို့ကိုဆောင်ရွက်ပြီး ရန်ပုံငွေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအတွက် ကွင်းဆင်းတိုင်းတာ တွက်ချက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ အချိန်ကာလခြောက်လခန့် ကြာမြင့်မှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မင်းဘူးမြို့ ကမ်းပတ်တာတည်ဆောက်ခြင်းနှင့် ရေတံခါးတွေ ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ကွင်းဆင်းတိုင်းတာတွက်ချက်မှုတွေ ဆောင်ရွက်ပြီးတဲ့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သမဝါယမချေးငွေများကို မည်သို့ချေးထားပါသနည်း၊ အသင်းသား၊ အသင်းသူသစ်များ ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာ ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ပြည် Excel ဘဏ်မှ ချေးယူထားတဲ့ငွေတွေကို ယခင်သမဝါယမဝန်ကြီးဌာန၊ ယခုသမဝါယမဦးစီးဌာနမှ တာဝန်ယူ၍ ပြည်သူများထံ ချေးငှားထားပါတယ်။ ဒီလိုချေးငှားတဲ့နေရာမှာ ငွေပမာဏဟာ တစ်မြို့နယ်ကို ဘယ်လောက်သတ်မှတ်ထားပါသလဲ။ အဲဒီလိုပဲ တစ်အုပ်စုကို ဘယ်လောက်သတ်မှတ်ချေးငှားထားပါသလဲ။ အညီအမျှခွဲဝေပြီး ချေးငှားပါသလား။ ချေးငှားတဲ့နေရာမှာ ပွင့်လင်းမြင်သာမှု အင်မတန်မှအားနည်းပါတယ်။ ဒီငွေတွေဟာ ဟိုပါတီကချေးသလို၊ ဒီပါတီကချေးသလို၊ အစုအဖွဲ့တစ်ခုကချေးသလို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်နေကြပါတယ်။ အသင်းဝင်တဲ့သူမှ ချေးလို့ရတယ်။ ရွာတွေမှာ၊ ရပ်ကွက်တွေမှာ ဘယ်လိုအချိန်၊ ဘယ်လိုအသင်းဝင်တွေကို ဖွဲ့လိုက်တယ်ဆိုတာလည်း ပွင့်လင်းမြင်သာမှု မရှိပါဘူး။ မသိလည်းမသိလိုက်ကြပါဘူး။ အဲဒီမှာပဲ ဝက်ဘဏ်၊ ဆိတ်ဘဏ်ဆိုပြီးတော့ တစ်ဦးကို တစ်သိန်းခွဲ၊ နှစ်သိန်း အနည်းဆုံးချေးပါတယ်။ အတိုးနှုန်းကတော့ တစ်ကျပ်ခွဲနှုန်းနဲ့ လူတိုင်းချေးလို့လည်း မရပါဘူး။ စီးပွားရေးမပြေလည်တော့ လူတိုင်းကချေးချင်ကြပါတယ်။ ချေးငှားရတဲ့ရည်ရွယ်ချက်က ဆင်းရဲမွဲတေမှုတွေ လျော့ကျအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ ဖွံ့ဖြိုးတိုးတက်အောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာအောင်၊ လုပ်ကိုင်တတ်လာအောင် ချေးငှားခြင်းဖြစ်ပါတယ်။

အမှန်တကယ်ချေးငှားတဲ့အခါကျတော့ ဟိုလိုလို၊ ဒီလိုလို လက်သင့်ရာ စားတော်ခေါ် နီးစပ်ရာ အပေါင်းအသင်းယောင်းရင်းများ၊ တပည့်တပမ်းများကိုသာ အဓိကထားချေးငှားသွားတာကို တွေ့ရပါတယ်။ အပြင်မှာ ရှစ်ကျပ်တိုး၊ ၁၀ တိုးဆိုတော့ အတိုးနှုန်းသက်သာတဲ့ တစ်ကျပ်ခွဲတိုးကို လူတိုင်းလိုချင်ကြပါတယ်။ လူတိုင်းသာ မရတယ်။ သူတို့ထိပ်ပိုင်းဦးဆောင်တဲ့သူတွေကျတော့ အတိုးအပွားပြန်ပေးနေတာတွေလည်း တွေ့ရှိနေရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူရွေးချယ်တဲ့အရပ်သားအစိုးရလက်ထက်မှာ ပွင့်လင်းမြင်သာပြီး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုး တိုးတက်ဖို့ စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရရှိလာတဲ့အတိုးနှုန်းတွေကို ပြည်သူတွေဘယ်လိုခံစားရမလဲ။ တိုင်းပြည်အတွက်ဘယ်လိုသုံးစွဲမယ်ဆိုတာကိုလည်း ပြည်သူတွေသိအောင် သေချာချပြဖို့လည်းလိုပါတယ်။ နိုင်ငံတကာချေးငွေထဲမှာ ယခုချေးထားတဲ့ တရုတ်ချေးငွေဟာ အတိုးနှုန်းအမြင့်ဆုံးပါ။ အတိုးနှုန်းမြင့်တဲ့ချေးငွေကို အကျိုးရှိစွာအသုံးချဖို့ လိုအပ်ပါသည်။ တိုင်းပြည်အတွက်လည်းအကျိုးမရှိ၊ ပြည်သူ့အတွက်လည်း အကျိုးမဖြစ်ထွန်းရင် အဓိပ္ပာယ်မရှိပါဘူး။ သမဝါယမချေးငွေတွေကို ပြန်လည်စိစစ်သုံးသပ်သင့်ပါပြီ။ ကျေးရွာရပ်ကွက်တွေမှာရှိတဲ့ အဖွဲ့အစည်းတွေကို စနစ်တကျ ပြန်လည်ဖွဲ့စည်းဖို့လည်း လိုအပ်နေပါပြီ။ ဥပမာ- မြစိမ်းရောင်ချေးငွေတို့လို မူဝါဒတွေချမှတ်ပြီး ကျေးရွာရပ်ကွက်မှာရှိတဲ့ ပြည်သူတွေရဲ့သဘောဆန္ဒနဲ့အညီ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ စာရင်းစစ် စသည်တို့ကို ပြန်လည်စနစ်တကျ ဖွဲ့စည်းသင့်ပါတယ်။ ဟိုတုန်းကလူကြီးတွေဟာ အခုထက်ထိ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဖြစ်နေတုန်းပါပဲ။ ငွေချေးတဲ့နေရာမှာလည်း အမှန်တကယ်ကြိုးစားတဲ့သူ၊ လက်တွေ့လုပ်မယ့်သူဖြစ်ဖို့လိုပါတယ်။ ပါးစပ်နဲ့ဟန်ရေးပြ၊ စာရွက်ပေါ်မှာတင်လုပ်နေပြီးတော့ ဟန်ပြ၊ ဗန်းပြ၊ ဆိတ်မမွေးဘဲနဲ့မွေးတယ်။ ဝက်မမွေးဘဲနဲ့ မွေးတယ်ဆိုပြီးတော့ ချေးငှားတာတွေဟာ အကျိုးမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံလူတန်းစားများဖြစ်တဲ့ ကျေးလက်နေပြည်သူလူထု ဆင်းရဲမွဲတေမှုလျှော့ချရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ရန်နှင့် အခြားသောလုပ်ငန်းများကဲ့သို့ စနစ်တကျ၊ ပြည်သူလူထုယုံကြည်သော ကော်မတီများဖွဲ့စည်း၍ ပွင့်လင်းမြင်သာစွာ ချေးငှားပေးရန်အတွက် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) သမဝါယမချေးငွေများကို မည်သို့ချေးထားပါသနည်း။ (၂) အသင်းသား၊ အသင်းသူများကို ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာ ချေးပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းရဲ့ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ချေးငွေနဲ့ စပ်လျဉ်းပြီး ထောက်ပြမေးသွားတဲ့မေးခွန်းအပေါ်မှာ များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သမဝါယမကဏ္ဍမှာ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာနှင့် သွင်းအားစုများ အရစ်ကျရောင်းချရေးလုပ်ငန်းအပါအဝင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးအတွက် မူဝါဒချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ သမဝါယမ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းရဲ့ရည်ရွယ်ချက်ကတော့ ပြည်သူတွေ ပြင်ပမှအတိုးကြီးပေးပြီး ငွေချေးနေရမှုမှ လတ်တလောသက်သာစေဖို့ နောင်လေးနှစ်ငါးနှစ်ကြာတဲ့အခါမှာ ပြင်ပမှငွေချေးစရာမလိုတော့ဘဲနဲ့ မိမိပိုင်ငွေကြေးနဲ့ မိမိဘာသာရပ်တည်လာနိုင်စေဖို့ ယင်းကနေတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့အခြေအနေကိုရောက်ရှိဖို့ မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သမဝါယမ အသင်းသားတွေကိုသာ ချေးငွေထုတ်ချေးနေခြင်းဖြစ်ပြီးတော့ ငွေကျပ် တစ်သိန်းချေးမယ်ဆိုလို့ရှိရင် ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို စုဆောင်းစေပါတယ်။ ခြောက်လတစ်ကြိမ် ပြန်ဆပ်တဲ့စနစ်ကို ကျင့်သုံးစေလျက်ရှိပါတယ်။ အသင်းသားတွေကို ချေးငွေထုတ်ပေးတဲ့အတိုးနှုန်းကတော့ တစ်လမှာ တစ်ကျပ်ခွဲနှုန်း၊ တစ်နှစ်မှာ ၁၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ အသင်းသားရဲ့ စုဆောင်းငွေကို တစ်နှစ်မှာ ၁၂ ရာခိုင်နှုန်း အတိုးခံစားခွင့်ပြုလျက်ရှိပါတယ်။ သမဝါယမဦးစီးဌာနရဲ့ စီမံခန့်ခွဲမှုနဲ့ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အသင်းသား တောင်သူလယ်သမားတွေဟာ ရာသီအလိုက်သီးနှံပေါ်ချိန်မှာ ခြောက်လတစ်ကြိမ် အရင်း၊ အတိုးပြန်ဆပ်ရပါတယ်။ ချေးငွေကျေတာနှင့်တစ်ပြိုင်နက် နောက်ရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ပြန်လည်ထုတ်ချေးဆောင်ရွက်ပေးလျက် ရှိပါတယ်။

မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ သမဝါယမအသင်းသားအသစ်တွေ ထပ်မံတိုးချဲ့ဝင်ရောက်လိုလို့ရှိရင်လည်း နီးစပ်ရာကျေးရွာ သမဝါယမအသင်းတွေမှာ အဆိုပြုတင်ပြပြီး သတ်မှတ်ထားတဲ့ အစုငွေထည့်ဝင်ပြီး အသင်းသားအဖြစ် ဝင်ရောက်ဆောင်ရွက်နိုင်ပါတယ်။ ၎င်းအသင်းသားအသစ်တွေဟာ ချေးငွေရယူဆောင်ရွက်လိုလျှင် သက်ဆိုင်ရာသမဝါယမအသင်းတွေမှာ ချေးငွေရရှိနိုင်ရေး တင်ပြလျှောက်ထားပြီး အသင်းအဆင့်ဆင့် လမ်းကြောင်းမှတစ်ဆင့် ချေးငွေများထုတ်ချေးပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။ ကျေးရွာတွေမှာ သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိရင် ကျေးရွာအတွင်း စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူတွေစုပေါင်းပြီး သမဝါယမအသင်းဖွဲ့စည်း၍ ချေးငွေများထုတ်ချေးနိုင်ရေးအတွက်လည်း အသင်းအဆင့်ဆင့် လမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်သွားနိုင်မည်လည်းဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်တွေပါ သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ တစ်ဖက်မှာလည်း ချေးငွေများမဆုံးရှုံးစေရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်ကနေပြီးတော့ သမဝါယမအသင်းအဆင့်ဆင့်တို့ကနေ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမအသင်းသားအသစ်များ ထပ်မံတိုးချဲ့ပြီး ဝင်ရောက်လိုပါက ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့် ၂၀၁၃ ခုနှစ် သမဝါယမအသင်း နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ချေးငွေတွေကိုလည်း ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ၂၀၁၀ ခုနှစ်က ဖောက်လုပ်သည့် ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးမြန်းလိုတဲ့မေးခွန်းကတော့ အုတ်တွင်းမြို့နယ်မှာ ၂၀၁၀ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရတဲ့ လယ်ယာမြေများအတွက် နစ်နာမှုများကို ဖြေလျှော့ပေးဖို့ရန်အတွက် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကို တင်ပြလိုပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်မှာ၂၀၁၁-၂၀၁၂ ခုနှစ်က ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို စတင်အကောင်အထည်ဖော်ကာ ပင်မတမံကြီးကို တည်ဆောက်ခဲ့ပါတယ်။ အပေါ်ဆည်မကြီးက ရေကို ရေအားလျှပ်စစ်ထုတ်ရန်အတွက် အသုံးချပြီး ပိုလျှံတဲ့ရေတွေကို အောက်မှာ နွေစပါးစိုက်ပျိုးရန်အတွက် ၂၀၀၈ ခုနှစ်ကမှ အဝေရာရေထိန်းတမံကြီးကို တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ပင်မတမံကြီးနဲ့ အဝေရာရေထိန်းတမံများကို တည်ဆောက်စဉ်ကလည်း ရေဝပ်ဧရိယာအတွင်းသို့ ရောက်ရှိသွားတဲ့ ရွာပေါင်း ၁၄ ရွာမှာ ပြောင်းရွှေ့ခဲ့ရပြီး လယ်ဧက ၂၀၀ ကျော်မှာလည်း ရေများနစ်မြုပ်ခဲ့ရပါတယ်။ ပြောင်းရွှေ့စဉ်တုန်းကလည်း ဒေသခံပြည်သူများကို ပြောင်းရွှေ့ခအဖြစ် တစ်အိမ်ထောင်ကို ၇၀၀၀ နှုန်းလျော်ကြေးပေးတဲ့အတွက် ဒေသခံပြည်သူအများစုအနေနဲ့ သွားရောက်ထုတ်ယူရမယ့်စရိတ်နဲ့တောင် မကာတာကြောင့် ထုတ်ယူခြင်းမရှိကြပါဘူး။ ရွာများပြောင်းရွှေ့ရတဲ့အတွက်လည်း အခက်အခဲများ များစွာဖြစ်ကာပြောင်းရွှေ့ရတဲ့ ရွာအချို့ဆိုရင် ယခုထိတိုင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းတွေ ပြည့်စုံစွာမရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ အဝေရာရေထိန်းတမံမှ ရေတွေကို လယ်ယာမြေများကို ရေပေးဝေစနစ်အသုံးပြုရန်အတွက် အုတ်တွင်းမြို့နယ်အတွင်းမှာ ခပေါင်းလက်ယာတူးမြောင်းမကြီးတည်ဆောက်ရာမှာ အရှည် ၃၀.၆၃ မိုင်၊ အကျယ်ပျမ်းမျှပေ ၂၀၀ ခန့်နှင့် လက်ယာလက်တံမြောင်းကို အရှည် ၂၉.၃ မိုင်နှင့် အကျယ်ပျမ်းမျှပေ ၁၄၀ ခန့်နှင့် ၂၀၁၀ ခုနှစ်ခန့်မှာ တည်ဆောက်ခဲ့ပါတယ်။ ထိုတည်ဆောက်မှုပမာဏဟာ ဒေသခံတောင်သူများရဲ့ ထိုစဉ်က လက်ရှိစိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ယာမြေဧက ၁၂၀၀ ကျော်ခန့် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ပြီး တချို့ဆိုရင် ရှစ်ဧကထိတောင် ဆုံးရှုံးခဲ့ပါတယ်။ တချို့ကတော့ မြောင်းဖောက်စဉ် မိမိတို့ရဲ့လယ်ယာမြေများဟာ အရှည်လိုက်ကြီးပါသွားတာဖြစ်တဲ့အတွက် ကျန်တဲ့အပိုင်းလေးဟာလည်း ဘာမှလုပ်စားလို့မရတဲ့ အခြေအနေဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေများကို ရေပေးဝေစနစ်သုံးဖို့အတွက် အခုလိုရေလှောင်တမံကြီးတွေ၊ တူးမြောင်းမကြီးတွေနဲ့ လက်တံမြောင်းတွေ တည်ဆောက်ခြင်းဟာ ပြည်သူ့အကျိုးအတွက် လုပ်တာမှန်ပေမဲ့ အခုလိုတည်ဆောက်ခြင်းအတွက် နစ်နာဆုံးရှုံးခဲ့ရတဲ့ တောင်သူများကိုလည်း ဖြေလျှော့မှုများအဖြစ် နစ်နာကြေးများ ပေးသင့်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်က တောင်သူအချို့ဆိုရင် ခပေါင်းရေလွှတ်တမံတည်ဆောက်စဉ်မှာ ဆုံးရှုံးသွားသလို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတည်ဆောက်စဉ်မှာလည်း ဆုံးရှုံးသွားတဲ့အတွက် မိမိတို့ရဲ့လက်ဝယ် လယ်ယာမြေများ မရှိသလောက်

တောင် ဖြစ်ကုန်ကြတဲ့အခြေအနေတွေရှိကြပါတယ်။ ဒါပေမဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တည်ဆောက်စဉ်က ဆုံးရှုံးသွားတဲ့ လယ်ယာမြေတွေအတွက် ကျွန်မရဲ့မဲဆန္ဒနယ်မှာ တစ်ဧကကို ၁၅ သိန်းနှုန်းနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက နစ်နာကြေးများပေးခဲ့ပေမယ့် ခပေါင်းရေလွှတ်တမံ တည်ဆောက်ရေးအတွက်ကတော့ နစ်နာကြေးတစ်စုံတရာမရရှိခဲ့ပါဘူး။ ရလဒ်အနေနဲ့ကတော့ ခပေါင်းရေလွှတ်တမံတည်ဆောက်မှုကြောင့် သိမ်းဆည်းခံလိုက်ရတဲ့ ဒေသခံတောင်သူတွေဟာ လယ်မဲ့၊ ယာမဲ့ဘဝကို ရောက်ရှိကြပြီး ယခုထိအောင် နာလန်မထူနိုင်ကြတော့ဘဲ လယ်ကူလီဘဝကို ရောက်သူ ကရောက် အလုပ်လက်မဲ့ဖြစ်ကာ အခြားအရပ်သို့သွားရောက်အလုပ်လုပ်ကိုင်ခြင်းတို့ဖြင့် ဆင်းရဲချို့တဲ့ ကြပ်တည်းစွာဖြင့် ဘဝကို ကြိုးစားရုန်းကန်နေကြရတာလည်း မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ မြန်မာ နိုင်ငံက ဝန်ကြီးဌာနတွေဖြစ်ပါလျက် ဆုံးရှုံးနစ်နာမှုကို ပေးတဲ့ဝန်ကြီးဌာနက ပေးပြီး၊ မပေးတဲ့ဝန်ကြီး ဌာနက မပေးဘူးဖြစ်နေတဲ့အတွက် နစ်နာတဲ့ပြည်သူတွေဟာ မမျှတမှုကိုခံစားနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုလို လယ်ယာမြေတွေကို သိမ်းဆည်းခဲ့တာဆိုရင်လည်း ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေအရ အများပြည်သူသိရှိရန် ကြေညာခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လျော်ကြေးငွေ တွက်ချက်ခြင်း၊ လျော်ကြေးထုတ်ပေးခြင်းစတဲ့ ဥပဒေနှင့်အညီ သိမ်းဆည်းခြင်းမဟုတ်ဘဲ တောင်သူ လယ်သမားများရဲ့ အကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့တာမှန်ပေမဲ့ နစ်နာဆုံးရှုံးခဲ့ရတဲ့ တောင်သူများ ကတော့ ယခုထိအောင် ဒုက္ခမျိုးစုံခံစားနေရဆဲဖြစ်ပါတယ်။ မြေသိမ်းဥပဒေအရဆိုရင် ကောလိတ္တော် အရာရှိကိုခန့်ပြီး သိမ်းယူရမယ့်နယ်နိမိတ် သတ်မှတ်ထားတဲ့ပမာဏ သိမ်းရပါမယ်။ သိမ်းဆည်းခွင့်ရပြီးမှ မြေသိမ်းအရာရှိက လျော်ကြေးညှိနှိုင်းပြီး ငွေပေးပြီးမှ လက်ရောက်သိမ်းဆည်းခြင်းဆိုတဲ့ စနစ်တကျ အမှုတွဲမတည်ဆောက်ဘဲ သိမ်းဆည်းခဲ့သလို ကြေးလေးကြေးကိုလည်း ပေးခြင်းမရှိဘဲနဲ့ သိမ်း ဆည်းခံရတာဖြစ်တဲ့အတွက်ကြောင့် ခပေါင်းရေလွှတ်တမံတည်ဆောက်ရေးအတွက် လယ်ယာမြေ သိမ်းဆည်းခံရခြင်းဟာ မတရားသိမ်းဆည်းခံရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မမဲဆန္ဒနယ်က ခပေါင်းရေလွှတ်တမံ တည်ဆောက်ရေးအတွက် မတရားသိမ်းဆည်းခံရတဲ့ တောင်သူများအတွက် ကုစားမှုတစ်ခုကို ရချင်လို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို အနေနဲ့ မိမိရဲ့ဒေသအတွင်း နစ်နာခဲ့ရတဲ့ တောင်သူလယ်သမားတွေရဲ့အကျိုး ရှေးရှုပြီးတော့ အခုလိုမေးမြန်းတဲ့ မေးခွန်းအပေါ် မိမိဝန်ကြီးဌာနအနေနဲ့ များစွာကျေးဇူးတင်ပါတယ်။ အဆိုပါ ခပေါင်းရေလှောင်တမံမှာ ပါဝင်တဲ့ လက်ယာတူးမြောင်းကို အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ လယ်မြေဧက ၄၀၀၀၀ ကို ရေပေးဝေဖို့နဲ့ ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ပြီး ၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၉၃) သဘောတူခွင့်ပြုချက်အရ ခပေါင်းရေလှောင်တမံတည်ဆောက်မှုနဲ့ ဆက်စပ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ထိုအချိန်ကာလကနေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ တောင်သူလယ်သမားတွေရဲ့ နစ်နာမှုအတွက်၊ ဆောင်ရွက်ပေးနိုင်ခဲ့မှုအတွက် အားနည်းချက်များ ရှိတယ်ဆိုတာလည်း မှန်ပါတယ်။ ဒီလက်ယာတူးမြောင်းဖောက်လုပ်ခဲ့ရာမှာ စီမံကိန်းဧရိယာနှင့်မလွတ်ကင်းတဲ့ လယ်ယာအချို့တွေပါဝင်သွားရပြီး နစ်နာခဲ့တဲ့တောင်သူတွေကို နစ်နာကြေးပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ် ဩဂုတ်လ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီးနောက်မှာ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်းတွေကြောင့် ဖြစ်ပေါ်လာတဲ့နစ်နာဆုံးရှုံးမှုတွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းကိစ္စရပ်နှင့်စပ်လျဉ်းပြီး ယခုလက်ရှိနိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဆောင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဖွဲ့စည်းထားရှိပြီးဖြစ်တဲ့အလျောက် နစ်နာမှုရှိတဲ့ ဒေသခံတောင်သူလယ်သမားတွေက မိမိတို့ရဲ့သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး ယင်းညှိနှိုင်းဆောင်ရွက်ရရှိတဲ့ တင်ပြချက်ကို ကော်မတီကို ဆက်လက်တင်ပြအဆုံးအဖြတ်ရယူသွားနိုင်ရန်ဖြစ်ပါကြောင်း အကြံပြုရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါရှင်။ အခုလို ဒုတိယဝန်ကြီးအနေနဲ့ ပြည့်စုံစွာဖြေကြားပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ဆက်စပ်မေးချင်တာကတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှုတွင် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်ကလည်း ထိခိုက်နစ်နာမှုတွေကို လျော်ကြေးပေးရန် လမ်းညွှန်ဆုံးဖြတ်ထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မမြို့နယ်မှာရှိတဲ့ တောင်သူတွေရဲ့ လယ်ယာမြေဆုံးရှုံးမှုအတွက် နစ်နာမှုကို ဖြေလျှော့ပေးဖို့ရန်အတွက် ဘယ်အချိန်ကာလမှာ ဒါကိုပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးဖို့ရန် အစီအစဉ်လေးကို ကျွန်မအနေနဲ့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဦးစွာဖြေလိုက်ပါဦး။ ပွင့်ပွင့်လင်းလင်း၊ ရှင်းရှင်းလင်းလင်းပဲ ပြောလိုက်ပါတော့။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ချိုချိုရဲ့ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ အရှင်းလင်းဆုံးပြန်လည်ဖြေကြားရမယ်ဆိုလို့ရှိရင် သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်ပြီးတော့ နှစ်ပိုင်းပိုင်းခြားထားမှုရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ မတိုင်ခင်ကိစ္စရပ်တွေကို အမှန်တကယ်နစ်နာဆုံးရှုံးတဲ့ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့အခုအသစ်ဖွဲ့စည်းထားတဲ့ ဒုတိယသမ္မတ(၂)ဦးဆောင်တဲ့ သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက စိစစ်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပထမဦးစွာ ကျွန်တော့်အဖြေမှာ ပါထားပြီးသားဖြစ်ပါတယ်။ နစ်နာမှုရှိတဲ့ တောင်သူတွေအတွက် မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ ဒီကော်မတီကို တင်ပြပေးပါ။ သက်ဆိုင်တဲ့ဝန်ကြီးဌာနအနေနဲ့လည်းပဲ အမှန်တကယ်ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေအပေါ်မှာ ပြန်လည်စိစစ်ပြီးတော့ ထောက်ခံမှုနှင့် အဆုံးအဖြတ်ရယူဆောင်ရွက်ပေးသွားနိုင်မယ့်အခြေအနေဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ အဲဒီလယ်ယာမြေကိစ္စကို အမြဲပြောတယ်။ ဓာတ်ပြားသာဆိုရင် အက်ကြောင်း ပေါက်တောင်နေပြီ။ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ရပ်/ကျေး။ ကျွန်တော်တို့ကိုယ်စားလှယ်တွေပါတယ်။ အဲဒီကိုယ်စားလှယ်တွေက လွှတ်တော်နားတဲ့အချိန်မှာ

တစ်လနားနား၊ တစ်လခွဲနားနား၊ နှစ်လနားနား။ အဲဒီကိစ္စတွေကို ထဲထဲဝင်ဝင် ကိုယ်ကိုယ်တိုင်ပါပြီးတော့ ဒီအဖွဲ့မှာ၊ ဒီကော်မတီမှာလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့အောက်မှာ ဖွဲ့တဲ့ အဲဒီအဖွဲ့အဆင့်ဆင့် လေးခုမှာ အဲဒီကော်မတီမှာကိုယ်စားလှယ်တွေပါတယ်။ အဲဒီမှာကိုယ်ကိုယ်တိုင် ထဲထဲဝင်ဝင်စိစစ်ပြီးတော့ ဥပဒေနှင့်အညီ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ပြန်လည်စွန့်လွှတ်မယ်။ လျော်ကြေးဘယ်လိုပေးမယ်။ နစ်နာကြေးဘယ်လိုပေးမယ်ဆိုတဲ့ မူဝါဒလမ်းညွှန်ချက်နှင့်အညီ မှန်မှန်ကန်ကန် တရားမျှမျှတတစိစစ်ပြီးတော့ ကိုယ်စားလှယ်ရဲ့သဘောထားမှတ်ချက်နဲ့ ကိုယ့်ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနဲ့ အဲဒီကအဖြေထုတ်ပေးလိုက်ပြီးတော့ အဲဒီရဲ့ဆုံးဖြတ်ချက်က အခုနက လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုဗဟိုကော်မတီကို ရောက်မယ်။ အဲဒီကမှကြည့်ပြီးတော့၊ ပြန်ပြီးတော့ ဆုံးဖြတ်ပြီးမှ။ အခုသတင်းစာမှာကြည့်လိုက် မနေ့ကဆိုရင် မန္တလေးတိုင်းဒေသကြီးမှာ ပေးနေပြီ။ ဒီနေ့ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးမှာ ပေးမယ်။ အဲဒီကိုယ်စားလှယ်တွေက ပြီးအောင်လုပ်ပေးမှ ဒီကနေ အပေါ်က ဗဟိုကို ဘယ်တော့ပြီးအောင်လုပ်ပေးမလဲဆို ဗဟိုကို အဲဒီသဘောထားမှတ်ချက်တွေ၊ ဆုံးဖြတ်ချက်တွေရောက်မလာရင် ဗဟိုကတော့ ဒီအတိုင်းပဲ ကြည့်နေရမှာ။ ကိုယ့်ဘက်က ပြီးအောင်လုပ်ပေးလိုက်မှဒီက ပေးလို့ရမှာ။ အဲဒါကို လုပ်ကြပါ၊ လုပ်ကြပါ ကျွန်တော်အမြဲပြောတယ်။ လုပ်တာတော့ အဖြေတော့မထွက်လာသေးဘူး။ မေးတာတော့ ဒီမှာလည်း ဒါမျိုးက ၁၀၀ မကဘူးထင်တယ်။ ဒီမေးခွန်းက။ ကျွန်တော်လည်းအမြဲပြောပါတယ်။ အဲဒီ ဘယ်တော့ပြီးမလဲဆိုပြီး ကိုယ်လုပ်ပေးတဲ့ ပြီးမယ့်အချိန်မှပြီးမယ်၊ ကိုယ်လုပ်မပေးနိုင်ရင် မပြီးဘူး။ အခု တချို့တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ ဧကသောင်းကျော်ရှိနေပါပြီ။ စာရင်းပြန်ကြည့်လိုက်။ ပေးနေတာ။ အခု ပြည်ထောင်စုအစိုးရ၊ လက်ရှိအစိုးရလက်ထက်မှာ အဲဒါ ဘယ်တော့ပြီးမလဲ၊ ဘယ်တော့ပေးမလဲဆိုရင် ကိုယ်သဘောထားမှတ်ချက်ပေးပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရဆီကနေပြီးတော့ ဗဟိုကို ပို့နိုင်ပြီး ဗဟိုကနေ ပြန်စိစစ်ပြီးတော့ မူဝါဒနှင့်လမ်းညွှန်ချက်နဲ့ကိုက်တဲ့အခါမှာ တရားမျှမျှတတ၊ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်ချပေးနိုင်ရင်တော့ ပြီးသွားမယ်။ ဘယ်တော့ရမလဲဆိုရင်၊ မချပေးနိုင်ရင်တော့ မပြီးဘူး။ မချပေးနိုင်တာက ကိုယ့်အောက်ကနေ တင်မပေးလာနိုင်ရင်တော့ မချပေးနိုင်ဘူး။ အဲဒါ ကိုယ့်အပေါ်မူတည်တယ်။ ကိုယ်စားလှယ်တွေ လွှတ်တော်နားတဲ့အခါမှာ မဲဆန္ဒရှင်တွေအကျိုး၊ ပြည်သူ့အကျိုး၊ တောင်သူလယ်သမားတွေရဲ့အကျိုး သယ်ပိုးပါလို့ ပြောနေတာ။ အဲဒါပဲပြောနေတာ။ အဲဒါကိုယ့်အပေါ်ပဲ မူတည်ပါတယ်။ အဲဒါ ကိုယ်စားလှယ်တွေအားလုံး။ မေးတာထက် စကားလုံးပေါင်း သောင်းခြောက်ထောင်နဲ့လက်တွေ့လုပ်ရပ်တစ်ရပ်က အရေးကြီးတယ်။ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့လုပ်ရပ်တစ်ရပ်

က အရေးကြီးတယ်။ အဲဒါကို အကောင်အထည်ဖော်ဖို့တော့ လိုတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအားလုံး။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန် ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ရိုသေစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ အစီရင်ခံတင်သွင်းသွားတဲ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးရာကော်မတီရဲ့အစီရင်ခံစာအမှတ်(၁/၂၀၁၇)အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အချက်သုံးချက်နဲ့ အကြံပြုဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အစီရင်ခံစာမှာ မာတိကာမပါရှိတဲ့အတွက် နောင်အစီရင်ခံစာများမှာ မာတိကာထည့်သွင်းပေးသင့်ပါကြောင်း အကြံပြုပါတယ်။ ဒုတိယအချက်အနေနဲ့ အစီရင်ခံစာရဲ့စာမျက်နှာ(၆) ကော်မတီ၏တာဝန်များဆိုတဲ့ခေါင်းစဉ်အောက် အပိုဒ်ခွဲ(ခ)မှာ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများမှ ကျင့်သုံးလျက်ရှိသည့်ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေ့ရှိက လွှတ်တော်သို့တင်ပြရမည်ဟူသော အချက်

နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးလိုတာကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ (IMO-International Maritime Organization) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်ရဲ့ လက်မှတ်ရေးထိုးပြီး Convention များ ကို လိုက်နာဆောင်ရွက်နေသော ဦးစီးဌာနဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ရိုသေစွာပန်ကြားအပ်ပါတယ်။ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ ဖော်ပြပါရေကြောင်းမဲ့ဆိုင်ရာ Convention ၁၆ ခုကို လက်မှတ် ရေးထိုး၍ Enforcement ဖြစ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ Convention များအနက် အမှတ်စဉ်(၈) STCW Convention ဖြစ်တဲ့ Standards of Training, Certification and Watch keeping for Seafarers including 2010 Manila Amentments ဟာ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား များအား လေ့ကျင့်ပညာပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆိုင်တဲ့ စံသတ်မှတ်ချက်များအတွက် အသုံးပြုသော Convention ဖြစ်ပြီး ၄-၈-၁၉၈၈ ကတည်းက Enforcement ဖြစ်ခဲ့တဲ့အတွက် နှစ်ပေါင်း ၃၉ နှစ်ရှိပါပြီ။ ဒါကစာအုပ်ဖြစ်ပါတယ်။ ဒါက ရေကြောင်း ဘက်ဆိုင်ရာအရာရှိနဲ့ အင်ဂျက်ဘက်ဆိုင်ရာအရာရှိများရဲ့ သင်္ဘောတက်ရောက်မှုဖြစ်ပါတယ်။ ဒါက ရိုးရိုးသင်္ဘောသားတစ်ယောက်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ အဲဒီကွန်ဗန်းရှင်းမှာပါဝင်တဲ့ လေ့ကျင့်ပညာပေးရေးရဲ့ အဓိကအစိတ်အပိုင်းဖြစ်ပြီး ရေကြောင်းလောကတွင် ပြဿနာအများဆုံးဖြစ်နေသော၊ နောင်ဖြစ်လာနိုင်သော စာမေးပွဲစစ်ဆေးခြင်း ကိစ္စအတွက် Law Enforcement ဖြစ်ရန် STCW Convention နဲ့ လိုက်လျောညီထွေတဲ့ ပြည်တွင်း ဥပဒေသစ်များကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် ကော်မတီအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် အကြံပြုတင်ပြလိုပါတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ စာမေးပွဲ များစစ်ဆေးရာမှာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနဲ့သာ ဆောင်ရွက်နေတဲ့အတွက် စာမေးပွဲပြဿနာများ မကြာခဏဖြစ်ပေါ်နေဦးမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် STCW Convention နဲ့လိုက်လျောညီထွေတဲ့ ပြည်တွင်းဥပဒေသစ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးနိုင်ပါရန် အကြံပြုလိုပါတယ်။

တတိယအချက်အနေနဲ့အစီရင်ခံစာ စာမျက်နှာ ၁၆ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းပြီး ဥပဒေ (၇)ခုအနက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေနဲ့ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ တို့ဟာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရာမှာ ကွဲလွဲနေကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ

အင်ဂျင်နီယာကောင်စီရဲ့ အခန်း(၁၃) တားမြစ်ချက်နှင့်ပြစ်ဒဏ်များတွင် မည်သူမျှဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပြည်သူ့ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရဟု ဖော်ပြပါရှိပါတယ်။ မြန်မာနိုင်ငံဗိသုကာကောင်စီရဲ့ အခန်း(၉) ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနဲ့ ထုတ်ပေးခြင်းခေါင်းစဉ်အောက်တွင် သတ်မှတ်သည့်အရည်အချင်းပြည့်မီသူသည် ဗိသုကာမှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့လျှောက်ထားရမည်ဟုဖော်ပြပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှာ ဗိသုကာပညာရပ်ဆိုင်ရာဘွဲ့ရပြီးသူများလည်း အစိတ်အပိုင်းအဖြစ်ပါဝင်နေကြောင်း သိရှိရပါတယ်။ အဲဒါကြောင့် ကောင်စီဥပဒေနှစ်ခု မှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုတွင် ကွဲလွဲနေသဖြင့် မည်သည့်ကောင်စီဥပဒေက Prevail ဖြစ်သည်ကို ပြန်လည်စိစစ်သင့်ပါကြောင်း အကြံပြုရင်း ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က စိုင်းသန့်ဇင် ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ(၁/၂၀၁၇)ကို အပြုသဘောနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာအပေါ်ဆွေးနွေးရာမှာ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးနှင့် အစီရင်ခံစာရေးသားမှုအပိုင်းသုံးပိုင်းကိုပဲ ဆွေးနွေးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒများ(၁၂)ချက်နှင့်အညီ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အမျိုးသားစီမံကိန်းများကို အပြန်အလှန်ထိန်းကျောင်းပေးနိုင်တဲ့ ကော်မတီရဲ့ဆောင်ရွက်ပေးနိုင်မှုအခန်းကဏ္ဍကို ပိုမိုအထောက်အကူပြုနိုင်ရန်အလို့ငှာ အကြံပြုဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ နိုင်ငံတော်စီးပွားရေးမူဝါဒများ(၁၂)ချက်ထဲက အချက်(၄)ရဲ့ ခေါင်းစဉ်အောက် အချက်နံပါတ်(၈)မှာ နိုင်ငံတော်သည်အခြေခံအဆောက်အအုံများ အရည်အသွေးကောင်းမွန်ရေးနှင့် လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရကဖော်ဆောင်ရာမှာ တည်ဆောက်ရေးလုပ်ငန်းများရဲ့ အရေးပါမှု အခန်း

ကဏ္ဍနှင့် တည်ဆောက်လိုက်တဲ့အဆောက်အအုံများရဲ့ အရည်အသွေးကောင်းမွန်ရေးဆိုတာကလည်း အလွန်အရေးကြီးတဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ဘဏ္ဍာတွေ အလေအလွင့်မဖြစ်ပေါ်စေရေး၊ ခြစားမှုကြောင့် ဆောက်လုပ်တဲ့အဆောက်အအုံတွေ အရည်အသွေး ကျဆင်းမှုမဖြစ်ပေါ်စေရေးတို့အတွက် အဆောက်အအုံတည်ဆောက်မှုအပိုင်းတွေကို လေ့လာ စောင့်ကြည့်ထိန်းကျောင်းပေးရမယ့်တာဝန်သည် ပြည်သူ့အစိုးရမှာတာဝန်ရှိသလို၊ ကျွန်တော်တို့ လွှတ်တော်မှာလည်း တာဝန်ရှိတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေနဲ့ လုပ်ဆောင်နိုင်စွမ်းမရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ကျယ်ပြန့်တဲ့အမျိုးသားစီးပွားရေးစီမံကိန်းရဲ့မူဝါဒတွေနဲ့ အညီ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိဆိုတာတွေကို စောင့်ကြည့်ထိန်းကျောင်းဖို့ဆိုရာမှာ လွှတ်တော် ကိုယ်စားလှယ်များနဲ့စုဖွဲ့ထားတဲ့ လွှတ်တော်ကော်မတီရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်တွေအရ ပိုမိုစောင့်ကြည့် ထိန်းကျောင်းပေးနိုင်တဲ့အားသာချက်ရှိပြီး လွှတ်တော်ကော်မတီက လေ့လာတွေ့ရှိခဲ့တဲ့အချက်အလက် တွေကိုလည်း လွှတ်တော်မှအစီရင်ခံစာတင်သွင်းနိုင်ခြင်းဖြင့် လွှတ်တော်ရဲ့ဥပဒေပြုမှုအပိုင်းကဏ္ဍကို များစွာအားကောင်းစေမှာဖြစ်ပါတယ်။ ယခုတလောမီဒီယာမှာ ဖြစ်ပေါ်နေတဲ့သတင်းကို လေ့လာ ကြည့်မယ်ဆိုလို့ရှိရင် စာသင်ခန်းမျက်နှာကျက်ပြုတ်ကျမှုကြောင့် ကျောင်းသူကျောင်းသားတွေနဲ့ ဆရာ တချို့ ဒဏ်ရာရရှိခဲ့တဲ့အဖြစ်အပျက်တွေ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပင်မအဆောက်အအုံနှင့် ပတ်သက်ပြီး မျက်နှာကျက်ပြိုကျလို့ ပန်းဆိုင်းတွေပျက်စီးခဲ့ရတယ်ဆိုတဲ့သတင်းတွေအရ တည်ဆောက် ပြီးစကာလအခြေအနေမှာပင် ယခုလိုဖြစ်ပေါ်နေကြတာတွေသည် ဆောက်လုပ်မှုအရည်အသွေးရဲ့ အခြေအနေမကောင်းမှုကို မီးမောင်းထိုးပြနေတာပဲဖြစ်ပါတယ်။ မနေ့ကလည်း အခြေခံအဆောက် အအုံများ အရည်အသွေးကောင်းမွန်ရေးနဲ့ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးတို့နဲ့ပတ်သက်ပြီး လွှတ်တော်မှအရည်အသွေးစစ်ဆေးခြင်းပိုင်းဆိုင်ရာမေးခွန်းများ မေးမြန်းခဲ့ကြပါတယ်။ အရည်အသွေး ကောင်းမွန်ရေးနဲ့ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအပိုင်းနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုအားနည်း နေခြင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုအပိုင်းတွေကို စောင့်ကြည့်ထိန်းသိမ်းရာမှာ အားနည်းချက်များ ရှိလျက်ရှိနေဆဲဖြစ်ပြီး ယင်းအချက်များကိုလည်း ကော်မတီအနေနဲ့များစွာသတိပြုမိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အရည်အသွေးဆိုင်ရာထိန်းသိမ်းရေး Quality Control ဆိုင်ရာလေ့လာသုံးသပ် မှုကို ကော်မတီအနေနဲ့အားစိုက်လေ့လာသုံးသပ်ဖို့အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၆ မှာပါတဲ့ ကော်မတီရဲ့တာဝန်များအောက်မှာရှိတဲ့အပိုဒ် ၁၃(ခ)မှာ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်ဆိုတာနှင့်အညီ ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၁၃ ဥပဒေပြုခြင်းခေါင်းစဉ်အောက် အပိုဒ် ၃၃ မှာ ကော်မတီကစိစစ်ရန်သတ်မှတ်ပေးထားတဲ့ ဥပဒေ ၃၄ ခုကိုလည်း ဖော်ပြထားပါတယ်။ အဲဒီဥပဒေထဲက ယခုတလောမီဒီယာလောကမှာ မကြာခဏဖော်ပြခြင်းခံနေရတဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နဲ့ပတ်သက်ပြီး ပြန်လည်ပြုပြင်ပေးနိုင်ရေးကိုလည်း ပြည်သူအများက စိတ်ဝင်တစားဖြစ်နေကြပြီး ကော်မတီရဲ့အစီရင်ခံစာမှာ ယင်းဥပဒေရဲ့အမည်ပါဝင်နေပေမဲ့ ယင်းဥပဒေနဲ့ပတ်သက်တဲ့ဆောင်ရွက်နေမှုတွေကို ဖော်ပြထားတာမတွေ့ရှိရပါဘူး။ သို့သော်လည်း ယခုအခါမှာ ယင်းဥပဒေကိုပြင်ဆင်ထားတဲ့ဥပဒေမူကြမ်းကတော့ လွှတ်တော်ထဲကို ရောက်ရှိလို့လာပြီဖြစ်ပါတယ်။ ယင်းဥပဒေကို အရပ်ဘက်အဖွဲ့အစည်း ၂၂ ဖွဲ့ပါဝင်တဲ့ပူးပေါင်းအဖွဲ့က လွန်ခဲ့တဲ့ ဇွန်လ ၂၂ ရက်နေ့မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအပါအဝင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ ယင်းဥပဒေနှင့်ပတ်သက်ပြီး တရားစွဲဆိုခြင်းခံရမှုလက်ရှိအစိုးရလက်ထက်မှာ ၆၃ ခုအထိ ရှိနေပြီး ယခင်အစိုးရလက်ထက်မှာ ခုနစ်မှုသာရှိကြောင်းကိုလည်း သိရှိရပါတယ်။ ပြည်သူရဲ့အကျိုးစီးပွားကို ထိခိုက်စေလိုတဲ့သဘောနဲ့ ပြဋ္ဌာန်းခဲ့တာမဟုတ်သော်လည်း ဥပဒေရဲ့အားနည်းချက်ကြောင့် ထိခိုက်လာနိုင်မှုတွေကိုလည်း လွှတ်တော်ကော်မတီများက လေ့လာသုံးသပ်ပြီး လွှတ်တော်ကိုအစီရင်ခံစာတင်သွင်းပေးနိုင်မယ်ဆိုလို့ရှိရင် ဥပဒေပြဋ္ဌာန်းရန်မှာ လွန်စွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ဆွေးနွေးချင်တာကတော့ အစီရင်ခံစာတင်ပြမှုအပိုင်းဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၁၀ အစီရင်ခံစာဆောင်ရွက်မှုအခြေအနေဆိုတဲ့ခေါင်းစဉ်အောက် အပိုဒ် ၂၇ မှာ အစီရင်ခံစာဆောင်ရွက်မှုသုံးခုကိုဖော်ပြထားပါတယ်။ အဲဒီထဲမှာ ရန်ကုန်-မန္တလေး အမြန်လမ်းနဲ့ပတ်သက်၍ လေ့လာသုံးသပ်အကြံပြုချက်အား ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၁-၆-၂၀၁၆ ရက်နေ့တွင် အစီရင်ခံစာပေးပို့ထားကြောင်း ရေးသားထားပါတယ်။ လွှတ်တော်ရဲ့ကိုယ်စား လွှတ်တော်အသေးစားများဖြစ်သော၊ လွှတ်တော်ကိုတာဝန်ခံရန်ရှိသော လွှတ်တော်ကော်မတီတစ်ခုအနေဖြင့် အစီရင်ခံစာပေးပို့ဆောင်ရွက်မှုကိုဖော်ပြရာမှာ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်းသည် သင့်လျော်မှုရှိသော်လည်း ယခုဖော်ပြရေးသားချက်အရ

**မူကြမ်း**

လွှတ်တော်သို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အစီရင်ခံတင်ပြရန် တာဝန်ရှိမှုအဆင့်ကိုကျော်၍ အစိုးရအဖွဲ့ဖြစ်သော ပြည်ထောင်စုဝန်ကြီးဌာနသို့ တိုက်ရိုက်အစီရင်ခံတင်ပြသကဲ့သို့ဖြစ်နေပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၁ အရ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကိုတာဝန်ခံရမည်ဟု ပြဋ္ဌာန်းထားရာ လွှတ်တော်မှတ်တမ်းဝင်တစ်ခုဖြစ်သော လွှတ်တော်ကော်မတီ၏အစီရင်ခံစာရေးသားဖော်ပြချက်ကို အထူးဂရုပြုရေးသားဖော်ပြသင့်ပါကြောင်း အပြုသဘောဆွေးနွေးအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကော်မတီအနေနဲ့က အဲဒီတာဝန်နဲ့လုပ်ပိုင်ခွင့်ကို ကျေညက်ဖို့လိုတယ်။ ကျွန်တော်အမြဲပြောတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ ကျေညက်ဖို့လိုတယ်။ အခုဆွေးနွေးပေးတဲ့ ဦးစိုင်းသန့်ဇင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါမှကော်မတီအားလုံးလည်း သိသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ လွဲချော်လို့မရဘူး။ ဆွေးနွေးတာပဲဖြစ်ဖြစ်၊ မေးမြန်းတာပဲဖြစ်ဖြစ်၊ စာပို့တာပဲဖြစ်ဖြစ်၊ ဥပဒေကြမ်းတွေ၊ အဆိုတွေတင်သွင်းတာပဲဖြစ်ဖြစ် ဒါသတိပြုရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကော်မတီရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ပြန်ကြည့်ပါ။ ကိုယ်ကဘယ်အထိရှိလဲ၊ ဘယ်အထိမရှိဘူးလဲ။ တချို့က ကော်မတီရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်က မရှိတာတွေပါလုပ်ချင်လာတယ်။ ရှိတာကျတော့လည်း လုပ်ရမှန်းမသိဘူး။ အဲဒါလေးတွေကိုလည်း ဂရုစိုက်ပေးစေချင်ပါတယ်။ ထပ်ပြောပါမယ်။ ဦးစိုင်းသန့်ဇင်ကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုးအောင်(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင် ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ ပထမနှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး၏ (၂၃)ရက်မြောက်နေ့ကို ဖတ်ကြား တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အစည်းအဝေးတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဖြစ်ကြသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့မှ အကြံပြုဆွေးနွေးပြီးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အကြံပြုချက်များကို ကော်မတီမှလက်ခံမှတ်တမ်းတင်ပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ ပထမနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန်အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုန ကော်မတီကိစ္စနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် ထပ်ပြီးတော့ လွှတ်တော်ကို အသိပေးလိုပါတယ်။ ကော်မတီအနေနဲ့ မိမိနဲ့သက်ဆိုင်တဲ့ဝန်ကြီးဌာနကို ခေါ်တဲ့အခါမှာ

ခေါ်ခွင့်ရှိပါတယ်။ ဘယ်လိုခေါ်ရမလဲ။ ခေါ်ရမယ့်အကြောင်း တာဝန်နဲ့လုပ်ပိုင်ခွင့်မှာကြည့်ပါ။ ခေါ်ရမယ့်အကြောင်းပေါ်ရင် ခေါ်ပါ။ ခေါ်ရမယ့်အကြောင်းမဟုတ်ဘဲနဲ့ Case File တစ်ခုမရှိဘဲနဲ့ ခေါ်ရမယ့်အကြောင်းမဟုတ်ဘဲနဲ့ ဗဟုသုတအလို့ငှာကိုယ်သိချင်တာ၊ ကိုယ်မေးချင်တာ၊ ကိုယ်ကြားချင်တာကို ဝန်ကြီးဌာနတွေခေါ်ခေါ်နေရင် အဲဒီဝန်ကြီးဌာနဟာ သူ့ဝန်ကြီးဌာနရဲ့ အစိုးရအလုပ်၊ အုပ်ချုပ်ရေးယန္တရား သူ့ရဲ့စီမံခန့်ခွဲမှုလုပ်ရမှာမဟုတ်တော့ဘူး။ လုပ်တဲ့ဆီလည်းရောက်မှာ မဟုတ်တော့ဘူး။ အဲဒါမျိုးတွေ ခေါ်တဲ့စာတွေ ခဏခဏတွေ့တယ်။ ကျွန်တော်ကတော့ ကျွန်တော်သိလာရင် ခေါ်တွေ့ပြီးရှင်းပြလိုက်ပါတယ်။ ဒါကြောင့်မို့လို့ ခေါ်ရမယ့်ကိစ္စရှိတယ်။ မခေါ်ရမယ့်ကိစ္စရှိတယ်။ ကိုယ်တာဝန်နဲ့ လုပ်ပိုင်ခွင့်မှာခေါ်တဲ့ ဖြေရှင်းရမယ့်ကိစ္စ၊ အကြောင်းကြီးငယ်တစ်ခုခုတို့ရှိလို့ရှိရင် ခေါ်ပါ။ ဒီလိုမဟုတ်ဘဲနဲ့ ဟိုဟာသိချင်လို့၊ ဒီဟာသိချင်လို့၊ ဟိုဟာမေးချင်လို့၊ ဒီဟာမြန်းချင်လို့ ကိုယ့်ရဲ့ ဗဟုသုတအလို့ငှာ ကိုယ်သိချင်တာ၊ ကိုယ်ကြားချင်တာအတွက်တော့ ဝန်ကြီးဌာနကိုခေါ်ပြီးပဲနေမယ်ဆိုရင်တော့ ဝန်ကြီးဌာနက သူ့ဝန်ကြီးဌာနရဲ့အလုပ်ကို လုပ်တဲ့ဆီလည်းရောက်မှာ မဟုတ်တော့ဘူး။ ဒုက္ခပေးသလိုဖြစ်တယ်။ အဲဒီအခါကျတော့ အစိုးရရဲ့ပြုပြင်ပြောင်းလဲရေးယန္တရားဟာနှောင့်နှေးမယ်။ ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုတွေကြန့်ကြာမယ်။ အဲဒါတွေလည်း ကျွန်တော်တို့ ကော်မတီတွေက သတိထားဖို့လည်း လိုပါတယ်။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အမည်စာရင်းတင်သွင်းထားပါတယ်။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် ထောက်ခံအကြံပြုဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီခံစာအပေါ်မှာ ကော်မတီရယ်၊ တာဝန်ရယ်၊ ဆောင်ရွက်မှု

ရယ်၊ သုံးသပ်ချက်ရယ်ဆိုပြီးတော့ အကြောင်းအရာလေးချက်ပေါ်မှာပဲ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် အမြဲတမ်းကော်မတီလေးခုနှင့် ကော်မတီ ၁၅ ခု စုစုပေါင်း ၁၉ ခုရှိရာ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆက်နွယ်နေသည့် ကော်မတီဟာသုံးခုဖြစ်နေကြောင်း၊ ၎င်းတို့မှာ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ယခု ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ဖြစ်ကြောင်း ကော်မတီရဲ့နံမည်နှင့် ကော်မတီရဲ့လုပ်ငန်း တာဝန်ကိုက်ညီဖို့လိုအပ်ကြောင်း ကော်မတီရဲ့တာဝန်များသည်လည်း အစိုးရဌာနနှင့် လိုက်ဖက် လိုက်လျောညီဖို့၊ စနစ်ကျဖို့လိုအပ်ကြောင်း၊ အစိုးရဌာန ၂၂ ခုရှိသည့်အတွက် အမြဲကော်မတီလေးခု အပြင် အစိုးရဌာနအလိုက် ၂၂ ခုဖြင့် ဖွဲ့စည်းစဉ်းစားသင့်ကြောင်း သို့မှသာ အစိုးရဌာနတစ်ခုချင်းစီရဲ့ မူဝါဒ၊ လုပ်ငန်းစဉ်၊ ဘတ်ဂျက်များကို ကော်မတီတစ်ခုစီမှ ပိုင်ပိုင်နိုင်နိုင်တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကော်မတီမှာ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်း ပေးရမည်ဟု လုပ်ငန်းတာဝန်။

**ဥက္ကဋ္ဌ**။ ။ ခဏ ဒီရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ ဆွေးနွေးမှာလား။ ဒါမှမဟုတ်လို့ရှိရင် ကော်မတီဖွဲ့စည်းတာကို ဘယ်လိုဖွဲ့ပါ ဆွေးနွေးမှာလား။ ကော်မတီဖွဲ့စည်းတာ ဥက္ကဋ္ဌအလုပ်။ ဆွေးနွေးစရာအကြောင်းမရှိဘူး။ အဲဒါဆို ရှေ့ပိုင်းဟာကိုပြန်ရုပ်။ အခုရုပ်သိမ်း။ မဆိုင်တာလာ မဆွေးနွေးနဲ့။ ဒါကော်မတီဖွဲ့စည်းတာ ဘယ်နှစ်ခု ဖွဲ့မယ်၊ ဘယ်လောက်ဖွဲ့မယ်။ ဥက္ကဋ္ဌအလုပ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာပေါ်မှာပဲ ဆွေးနွေးဖို့စာရင်းတင်ထားတာ။ အဲဒီအတိုင်းပဲ ဆွေးနွေး။ ပထမပိုင်းဆွေးနွေးတဲ့ဟာ ခုချက်ချင်းရုပ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ဤကော်မတီမှာ လက်မှုလယ်ယာမှစက်မှု လယ်ယာသို့ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များကို။

**ဥက္ကဋ္ဌ**။ ။ ပြန်ရုပ်ဦး။ ဆက်မဆွေးနွေးနဲ့ ပြန်ရုပ်ဦး။ ရှေ့ပိုင်းဆွေးနွေးတာ ပြန်ရုပ်ဦး။ မရုပ်ရင် ဆွေးနွေးခွင့်မပေးဘူး။

**မူကြမ်း**

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ကျွန်တော်ရပ်သိမ်းပါတယ်။ ပြီးခဲ့တဲ့ ဆွေးနွေးချက်တွေကို။

**ဥက္ကဋ္ဌ**။ ။ ဆိုင်တာပဲဆွေးနွေး။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ဤကော်မတီတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးရမည်ဟု လုပ်ငန်းတာဝန်သည် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပိုမိုသက်ဆိုင်ပါကြောင်း စဉ်းစားပေးပါရန် တင်ပြအပ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့လုပ်ငန်းတာဝန် ၇ ချက်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များကိုဖြည့်ဆည်းပေးရမည်။ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးရမည်ဟု ပါရှိပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ စနစ်တကျပြောင်းလဲဆောင်ရွက်မှသာ ရာသီဥတုဖောက်ပြန်မှုကို အထိုက်အလျောက်သက်သာစေမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကော်မတီရဲ့ တာဝန်ဖြစ်သော လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် (၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ (၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ (၃) စက်မှုဝန်ကြီးဌာန၊ (၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့နဲ့ ချိတ်ဆက်ဆက်သွယ်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး နှစ်အလိုက်စီမံချက်များ ရေးဆွဲနိုင်ရေး၊ တွန်းအားပေးထိန်းကျောင်းဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ အကယ်၍ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှုကြံ့ကြာသည်နှင့်အမျှ ရာသီဥတုဒဏ်ကြောင့် သီးနှံပျက်စီးမှုများပြားခြင်း၊ ရေငတ်ခြင်း၊ ရေကြီးခြင်း၊ သီးနှံအထွက်နှုန်းလျော့ကျခြင်း၊ သီးနှံအရည်အသွေးညံ့ဖျင်းခြင်း၊ နိုင်ငံခြားဝင်ငွေထိခိုက်လျော့နည်းလာမည်ဖြစ်ပါကြောင်း တင်ပါအပ်ပါတယ်။

လူအစား၊ စက်ကိုအခြေခံအသုံးပြုဖို့ လိုအပ်နေပါပြီ။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ပြောင်းရန် နိုင်ငံတော်အနေဖြင့် လယ်ယာသုံးအရည်အသွေးကောင်း စက်ပစ္စည်းများနှင့် ဆက်စပ်သော နိုင်ငံခြားကုမ္ပဏီများဖိတ်ခေါ်ခြင်း၊ နှစ်ရှည်ချေးငွေအကြွေးစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်း၊ စီမံရေးဆွဲထိန်းကျောင်းတည့်မတ်ပေးပါရန် လိုအပ်သလို မြို့နယ်တိုင်းဦးစီးပေးနေရာများ သတ်မှတ်၍ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ ဘက်စုံကူညီထောက်ပံ့ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရေးအတွက် ဤကော်မတီမှ အားပေးထိန်းကျောင်း

ပေးပါရန် အကြံပြုလိုပါတယ်။ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးရမည်ဟု ပါရှိသည့်အတိုင်း ကျေးရွာအရောက် ကျေးလက်အသေးစားစက်မှုလုပ်ငန်းများ အဓိကဦးစားပေးရေး၊ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းကျောင်းတည့်မတ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ၊ နည်းပညာများ၊ အဓိကထောက်ပံ့ထိန်းကျောင်းတည့်မတ်ပေးဖို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာမှာ ပြင်ပခရီးစဉ်တွေ Work Shop Service သင်တန်းများ တက်ရောက်မှုတွေ ဖော်ပြထားပါတယ်။ ဒီကော်မတီအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ပြောင်းလဲလာတဲ့ အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်လေ့လာပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ပြောင်းလဲရေးနှင့် ဆက်သွယ်သော အစိုးရဌာန၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်း တွန်းအားထိန်းကျောင်းပေးနိုင်ရေးအတွက် လယ်ယာကဏ္ဍတိုးတက်သောနိုင်ငံများသို့ လေ့လာရေးပိုမိုစေလွှတ်သင့်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာပါ သုံးသပ်ချက်၊ အကြံပြုချက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်များဆောင်ရွက်ရန် ဆက်စပ်သည့်ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အပြန်အလှန်ထိန်းညှိခြင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်များအား စိစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများ ပိုမိုအနီးကပ်အပြန်အလှန်ထိန်းကျောင်းဖို့လိုအပ်ပါကြောင်း အစီရင်ခံစာပါ ဖော်ပြချက်ကိုလည်း ထောက်ခံအပ်ပါတယ်။ ကော်မတီအနေဖြင့် ပေးထားသောလုပ်ငန်းတာဝန်တွေ ကျေပွန်စွာဆောင်ရွက်နိုင်စေရန်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်

ပြုချက်ရယူခြင်းများဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် မြင်းမူ မဲဆန္ဒနယ်က ဦးစိုးစံသက်ထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့မှာ လွှတ်တော်မှာ ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ မအူပင် မဲဆန္ဒနယ်က ဦးစိန်ဝင်းက ထောက်ခံအကြံပြုဆွေးနွေးခဲ့ပါတယ်။ အခုလို ဆွေးနွေးပေးခဲ့တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကိုယ်စားလှယ်ရဲ့အကြံဉာဏ်များကို အလေးအနက်ထားမှတ်သားပြီးတော့ ကော်မတီရဲ့ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရာမှာ ထည့်သွင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကော်မတီကိုယ်စားတင်ပြအပ်ပါတယ်။ ကော်မတီအနေနဲ့လည်း ကော်မတီရဲ့လုပ်ငန်းတာဝန်များကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုနှင့်အတူ ကြိုးစားဆောင်ရွက် လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာအား ဤလွှတ်တော်ကြီးက သဘောတူလက်ခံပေးပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တူးမြောင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တူးမြောင်းဥပဒေကြမ်းကို ၁၀-၇-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၇-၇-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာ လှမိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာလှမိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ကျွန်တော်က ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် ပြည်သူ့လွှတ်တော်ကို ပညာရေးနဲ့ပတ်သက်တဲ့ အဆိုတစ်ခုတင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ပညာရေးနဲ့ပတ်သက်တဲ့အဆိုတစ်ခု တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုရဲ့ခေါင်းစဉ်ကတော့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက် အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင် သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဒီအဆိုနှင့်ပတ်သက်ပြီး တော့ ရည်ရွယ်ချက်လေးခုနဲ့ ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဒီအဆိုတင်သွင်းရခြင်းရဲ့ ပထမရည်ရွယ်ချက်ကတော့ ကျွန်တော် တို့နိုင်ငံဟာ ဒီမိုကရေစီကိုအခြေခံသော ဖက်ဒရယ်နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန် တဲ့ ပညာရေးစနစ်ကောင်းတစ်ရပ် လိုအပ်နေပါတယ်။ ဒီပညာရေးစနစ်ကောင်းတစ်ရပ် အကောင် အထည်ဖော်ဖို့ရန်အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်နှင့် တင်သွင်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတာ နှစ်ပေါင်း ၇၀ ကျော်ရှိပါပြီ။ လွတ်လပ်ရေးရပြီးခါစအချိန်မှာ အရှေ့တောင် အာရှမှာရော၊ အာရှမှာရော ပညာရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ထိပ်တန်းမှာရှိပေမယ့် ဒီနေ့ အချိန်မှာတော့ အာဆီယံနိုင်ငံများထဲမှာတောင်မှ နောက်ဆုံးလောက်နီးပါးရောက်ရှိနေတာ အားလုံးလည်း လက်ခံနားလည်ထားပြီးဖြစ်ပါတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းတွေကို ပြန်လည်သုံးသပ်ကြည့် လိုက်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဟာ တစ်လျှောက်လုံးမှန်ကန်တဲ့ပညာရေးစနစ်အောက်မှာ မဖြတ် သန်းခဲ့ရဘူးဆိုတာကို လေ့လာသုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့လို့ မှန်ကန်တဲ့ပညာရေးစနစ်တစ်ခု ဖော်ဆောင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မှန်ကန်တဲ့ပညာရေးစနစ်တစ်ရပ် ဖော်ဆောင်နိုင်မှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်

အတွက်အကောင်းဆုံးလုပ်တာဖြစ်တယ်လို့ ခံယူပြီး ပညာရေးနဲ့ပတ်သက်တဲ့အသုံးစရိတ် ဘတ်ဂျက်တွေကို တိုးမြှင့်ချထားပေးနေတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုပဲ ပညာရေးဝန်ကြီးဌာနကလည်း ပညာရေးပြုပြင်ပြောင်းလဲမှုတွေ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုတွေ အရှိန်အဟုန်ကောင်းကောင်းနဲ့လုပ်နိုင်ဖို့ရန်အတွက် စတင်ဆောင်ရွက်နေပြီဆိုတာလည်း လက်ခံပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအရှိန်အဟုန်ကောင်းကောင်းနဲ့ ဆောင်ရွက်နိုင်မှသာလျှင် နောင်နှစ်ပေါင်း ၂၀ ကြာမှ ဒီအသီးအပွင့်ကို ကျွန်တော်တို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဒီအစိုးရရဲ့ ပညာရေးဆိုင်ရာရုပ်မြင်သံကြားသီးသန့်တစ်လိုင်း ထုတ်လွှင့်ပေးမှုဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိနေပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အဆိုရဲ့ ဒုတိယရည်ရွယ်ချက်ကတော့ ပညာရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွက်လာစေရန်အတွက် မြန်မာ့ပညာရေးကိုပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်တဲ့နေရာမှာ မိဘ၊ ဆရာ၊ ကျောင်းသားကျောင်းသူများကို ပညာရေးနဲ့ပတ်သက်တဲ့သင်ခန်းစာတွေ၊ မှန်ကန်တဲ့သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် လိုအပ်ပါတယ်။ ဒါတကယ်မှန်ပါတယ်။ ကျွန်တော်တို့တွေဟာ ဒီနေ့ပညာရေးဝန်ကြီးဌာနက ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို စတင်ဆောင်ရွက်နေပါပြီ။ အခုဆိုလို့ရှိရင် အခြေခံပညာကဏ္ဍမှာပဲကြည့်ကြည့်၊ အဆင့်မြင့်ပညာကဏ္ဍမှာပဲ ကြည့်ကြည့်၊ သက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍမှာပဲကြည့်ကြည့် ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် KG စပါပြီ။ အခုဆိုရင် KG+12 အစီအစဉ်ကို စတင်နေပါပြီ။ ပြီးခဲ့တဲ့နှစ်ကဆိုရင် KG ပြောင်းပါတယ်။ ဒီနှစ်ဆိုရင် Grate -1 စပြောင်းပါပြီ။ ဒါပေမယ့် ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ရည်မှန်းချက်၊ သူ့ရဲ့အားသာချက်တွေ၊ သူ့ရဲ့လုပ်ငန်းစဉ်တွေကို ဒီနေ့အချိန်မှာ ကျွန်တော်တို့မဲဆန္ဒရှင်တွေနဲ့ တွေ့ဆုံတိုင်း၊ တွေ့ဆုံတိုင်းမှာ မိဘရော၊ ဆရာရော၊ ကျောင်းသားကျောင်းသူရော၊ လူမှုရေးအဖွဲ့အစည်းတွေရော၊ နောက်ကျောင်းအကျိုးတော်ဆောင်တွေရောဟာ ဒီပြောင်းလဲလာတဲ့လုပ်ငန်းစဉ်ကို သိရှိနားလည်နိုင်ဖို့က တော်တော်လေးကို အားနည်းနေတာတွေ့ရပါတယ်။ ဒီနေ့ အဲဒီပါဝင်တဲ့ ပညာရေးမှာ ပါဝင်ပတ်သက်သူတွေအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ပြောင်းလဲလာတဲ့ပညာရေးစနစ်ကြီးဟာ အောင်မြင်မှာဖြစ်ပါတယ်။ မိဘပြည်သူတွေနဲ့ ကျောင်းသားကျောင်းသူတွေ၊ ဆရာတွေက ပူးပေါင်းဆောင်ရွက်မှု နားမလည်လို့ ပူးပေါင်းဆောင်ရွက်ဖို့အားနည်းလာတာနှင့်တစ်ပြိုင်နက် ဒီပြုပြင်

ပြောင်းလဲနေတဲ့ ပညာရေးစနစ်ကြီးဟာ ကျဆုံးသွားနိုင်ပါတယ်။ ဒီလိုကျဆုံးသွားရင် (၁) ငွေရေးကြေးရေးတွေဆုံးရှုံးပါတယ်။ (၂) အချိန်တွေဆုံးရှုံးပါတယ်။ (၃) နိုင်ငံတော်မှာ အဘက်ဘက်ကနိမ့်ကျနေတဲ့ အခြေအနေကနေပြီးမှ ပြန်လည်ပြီး ရုန်းထတဲ့အခါမှာ အများကြီးနောက်ကျသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မိဘ၊ ဆရာ၊ ကျောင်းသားကျောင်းသူတွေ ပညာရေးနဲ့ပတ်သက်တဲ့သူတွေကို ပညာရေးနဲ့ပတ်သက်တဲ့ သင်ခန်းစာတွေကို မှန်ကန်တဲ့သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးဖို့အတွက် အစိုးရရဲ့ပညာရေးရုပ်မြင်သံကြား သီးသန့် Channel တစ်လိုင်းလိုအပ်တယ်ဆိုတာ နားလည်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အဆိုရဲ့ တတိယရည်ရွယ်ချက်ကတော့ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ပညာရေးကဏ္ဍတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် ဆရာဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေအားလုံး ပညာရေးနဲ့ပတ်သက်တဲ့မှန်ကန်သောသင်ကြားမှု၊ သင်ယူမှုစွမ်းရည်တွေရရှိစေရန်၊ သတင်းအချက်အလက်တွေရရှိဖို့ရန်အတွက် ရည်ရွယ်ပါတယ်။ ဒီအဆိုရဲ့ရည်ရွယ်ချက်က ပြောမယ်ဆိုလို့ရှိရင် ပညာရေးတိုးတက်မှုဖြစ်အောင်လုပ်တဲ့အခါမှာ တစ်နိုင်ငံလုံး တောရော၊ မြို့ပါ၊ နယ်စပ်ဒေသပါမကျန် ရှိဖို့လိုပါတယ်။ ဒါပေမယ့် ဒီနေ့အချိန်မှာ အခြေအနေအကြောင်းကြောင်းကြောင့် ပညာသင်ကြားခွင့်မရတဲ့ ကျောင်းသားကျောင်းသူတွေ၊ အခြေအနေအကြောင်းကြောင်းကြောင့် ကိုယ့်ရဲ့စွမ်းရည်ကို မြင့်မားအောင်မဆောင်ရွက်နိုင်တဲ့ ဆရာဆရာမတွေ ကျွန်တော်တို့နယ်စပ်ဒေသတွေ၊ တိုင်းရင်းသားဒေသတွေမှာ အများကြီးကျန်နေသေး တယ်ဆိုတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ သူတို့တွေကို အချိန်နှင့်တပြေးညီ တိုးတက်ချင်တယ်ဆိုလို့ရှိရင် ဒီပညာရေးဆိုင်ရာ ရုပ်မြင်သံကြား Channel တစ်ခု သီးသန့်ထုတ်လွှင့်ပေးမှသာလျှင် ကျွန်တော်တို့ အချိန်နှင့်တစ်ပြေးညီ တိုးတက်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အဆိုရဲ့ နောက်ဆုံးရည်ရွယ်ချက်ကတော့ ပညာရေးနဲ့ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတိုင်းမှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းတွေ ရရှိစေဖို့အတွက် ပညာရေးရုပ်မြင်သံကြားလိုင်းများ ထုတ်လွှင့်ပြီး အဆင့်မြင့်တင်နေကြတဲ့နည်းတွေ၊ မြန်မာ့ပညာရေးအတွက်လည်း ပြုပြင်ပြောင်းလဲမှုအတွက်ဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဖြစ်စေ၊ အခြေခံကောင်းတွေ တည်ဆောက်ခြင်းအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပါတယ်။ တကယ်လည်းမှန်ပါတယ်။ နိုင်ငံတကာမှာဆိုရင် တိုးတက်နေတဲ့ ပညာရေးနဲ့ ဖွံ့ဖြိုးနေတဲ့နိုင်ငံသားတိုင်းမှာ ပညာရေးဆိုင်ရာ ရုပ်မြင်သံကြားလိုင်းတွေ အမြောက်အများ

ထုတ်လွှင့်နေကြပြီဖြစ်ပါတယ်။ ဒါ့အပြင် FM လိုင်းတွေ Internet ကို အသုံးပြုပြီးတော့ Online Education တွေလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အိန္ဒိယမှာဆိုလို့ရှိရင် ပညာရေးသီးသန့် Channel ကြီး ၅၅ လိုင်း ရှိပါတယ်။ ကျန်တဲ့နိုင်ငံတွေဆိုတာတော့ အမြောက်အများရှိကြပါတယ်။ ကျွန်တော်တို့ ASEAN နိုင်ငံထဲမှာပြန်ကြည့်ရင်တောင်မှ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ နောက်ဆုံးဗီယက်နမ်တောင်မှ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ ပညာရေး Channel လိုင်းတွေရှိနေပါပြီ။ ဘာကြောင့်သူတို့တွေ ဒါတွေလုပ်ကြသလဲ။ ဒီရဲ့အသီးအပွင့်ကို သူတို့ရရှိခံစားရတော့မယ်။ ဒီဟာသည် ကောင်း သောအလုပ်ဖြစ်တယ်ဆိုတာကို သိကြတဲ့အတွက်ကြောင့်မို့လို့ သူတို့တွေစတင်ဆောင်ရွက်ကြတာဖြစ်ပါတယ်။ သူများနိုင်ငံလုပ်လို့ ကျွန်တော်တို့ တောင်းဆိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ ပိုပြီးအရေးကြီးပါတယ်။ ဘာကြောင့်လဲ ကျွန်တော်တို့က Education Reform လည်း လုပ်နေပါပြီ။ နောက်ပညာရေးတိုးတက်ဖို့အတွက်လည်း နိုင်ငံသူနိုင်ငံသားတွေက ဆန္ဒရှိနေပါပြီ။ အဘက်ဘက်က တိုးတက်ဖို့လည်းဆန္ဒရှိနေတဲ့အချိန်မှာ ဒီပညာရေးရုပ်မြင်သံကြား Channel လေးဟာ ပံ့ပိုးပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ဟာ ပညာရေးအရှိန်အဟုန်၊ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်တွေရော၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်တွေရော အချိန်နှင့်တစ်ပြေးညီ တစ်နိုင်ငံလုံး တိုးတက်လာမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေး ရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကြီးအား တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ

ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်ဖြစ်ပြီး အောင်မြေသာဇံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယနေ့ အဆိုရှင်က ရည်ရွယ်ချက်လေးရပ်နှင့် တင်သွင်းသွားတဲ့ ပညာရေးနှင့်ပတ်သက်တဲ့အဆိုဟာ ကျွန်တော်တို့နိုင်ငံ အတွက် အလွန်အရေးကြီးတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ခံရခြင်းဖြစ်ပါတယ်။ ယနေ့ အဆိုရှင်တင်ပြသွားသလိုပဲ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းများစွာ အဘက်ဘက်က နိမ့်ကျနေခဲ့ ရပါတယ်။ အခြေခံအကြောင်းရင်းကတော့ မှန်ကန်တဲ့ပညာရေးစနစ်ကောင်းတစ်ခုအောက်မှာ မဖြတ်သန်းခဲ့ရလို့ပါပဲ။ မဖြတ်သန်းခဲ့ရဘူးဆိုတာ ယနေ့နိုင်ငံ့အခြေအနေများက ပြသနေပါတယ်။ ဒါကြောင့်လည်း အားလုံးရဲ့အခြေခံဖြစ်တဲ့ ပညာရေးစနစ်သစ်တစ်ရပ်ကို အခြေခံပညာမှာရော၊ အဆင့်မြင့်ပညာမှာရော၊ အသက်မွေးဝမ်းကျောင်းပညာမှာပါ ပြုပြင်ပြောင်းလဲမှုတွေ စတင်ဆောင်ရွက် နေတာကို တွေ့မြင်ရပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်နေတဲ့အခါမှာလည်း ပြောင်းလဲ နေတဲ့စနစ်သစ်ရဲ့လုပ်ငန်းစဉ်များ၊ အနှစ်သာရများကို ပညာရေးရဲ့အဓိကနေရာမှာပါရှိတဲ့ မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး သဘောပေါက်နားလည်ဖို့လိုပါတယ်။ ဒီလိုသဘောပေါက်နားလည်ပြီး ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှ ပညာရေးအပြောင်းအလဲကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပညာရေးရင်းနှီးမြှုပ်နှံမှုများလေလေ၊ တိုင်းပြည်ဖွံ့ဖြိုးမှုအားကောင်းလေလေဖြစ်ပြီး ပညာ ရေးစနစ်ကောင်းတစ်ခုကို မှန်ကန်စွာချမှတ်ကျင့်သုံးနိုင်လေလေ၊ တိုးတက်မှုအရှိန်အဟုန် မြန်လေလေ ပါပဲ။ ပညာရေးရင်းနှီးမြှုပ်နှံရာမှာလည်းပဲ ရင်းနှီးမြှုပ်နှံတဲ့ငွေကြေးတွေကို နည်းပေါင်းစုံနဲ့ စနစ်တကျ အသုံးပြုတဲ့နေရာမှာ ပညာရေးအစီအစဉ်များကို သီးခြားရုပ်မြင်သံကြားလိုင်းများ ထုတ်လွှင့်ပေးခြင်း ဟာလည်း အလွန်အရေးကြီးလှပါတယ်။ အချို့နိုင်ငံများမှာဆိုရင် အဆိုရှင်တင်ပြသွားသလို သတင်း အချက်အလက်တွေပေးနေတာ နှစ်ပေါင်း ၃၀၊ ၄၀ လောက်ရှိနေပါပြီ။ အချို့နိုင်ငံများမှာဆိုရင် ပညာရေးရုပ်မြင်သံကြားလိုင်းတောင်မကတော့ဘဲ အင်တာနက်ကိုအသုံးပြုပြီး Online ပညာရေး များကိုပါ တိုးချဲ့ဆောင်ရွက်နေတာကို ပညာရေးစိတ်ဝင်စားသူတိုင်း သိမြင်ကြလိမ့်မယ်လို့ ယုံကြည် ပါတယ်။ ယနေ့အာဆီယံနိုင်ငံတော်တော်များများမှာတောင်မှ ပညာရေးနှင့်ပတ်သက်တဲ့ ရုပ်မြင် သံကြား သီးခြားလိုင်းတွေလွှင့်နေတာ အရှိန်တော်တော်ရနေပါပြီ။ ဒီလိုဆောင်ရွက်ခြင်းကြောင့်

ရလာတဲ့ပညာရေးတိုးတက်မှုရလာဒ်တွေကိုလည်း ခံစားနေရတဲ့အတွက်ကြောင့်မို့လို့ ထပ်မံတိုးချဲ့ကြိုးပမ်းနေကြတာကိုလည်း ကြားသိရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပညာရေးနဲ့ပတ် သက်တဲ့ ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်တွေ တိုးမြှင့်ချထားပေးပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအရှိန်ကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ယခုလို ပြုပြင်ပြောင်းလဲမှုတွေရဲ့ အသီးအပွင့်တွေကို နောင် နှစ်ပေါင်း ၂၀ ကျော်ကြာမှ ကျွန်တော်တို့ သားသမီး၊ မြေးတွေ ခံစားရမှာဖြစ်ပါတယ်။ ဒီအချိန်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့လုပ်ငန်းစဉ်တွေ၊ အနှစ်သာရတွေကို မိဘ၊ ဆရာ၊ ကျောင်းသားသုံးဦး စလုံး နားလည်သဘောပေါက်မှုမရှိခဲ့လို့ ပညာရေးစနစ်ကျဆုံးသွားခဲ့ရင် ကျွန်တော်တို့ဟာ ဆုံးရှုံးမှု တွေနဲ့ရင်ဆိုင်ရပါလိမ့်မယ်။ အချိန်တွေအများကြီး ထပ်မံရင်းနှီးရပါလိမ့်မယ်။ တိုးတက်ရန်အရှိန်ယူ နေတဲ့ တိုင်းပြည်တစ်ခုအနေနဲ့ နွံထဲကရုန်းထွက်ဖို့ ခက်ခဲပါလိမ့်မယ်။ ကျွန်တော်တို့ အများကြီး အောက်ကျ၊ နောက်ကျနဲ့ဆက်နေကြရပါလိမ့်မယ်ဆိုတာ နားလည်သဘောပေါက်ပါတယ်။ အခုလို ပညာရေးပြုပြင် ပြောင်းလဲမှုအရှိန်အဟုန် မြှင့်တင်နေတဲ့အချိန်မှာ ပညာရေးနဲ့ပတ်သက်တဲ့ရုပ်မြင် သံကြားလိုင်းတစ်လိုင်းကို နိုင်ငံတော်အစိုးရက မှန်မှန်ကန်ကန် စနစ်တကျအစီအစဉ်ကောင်းများနှင့် တာဝန်ယူထုတ်လွှင့်ပေးနိုင်ခဲ့ရင် အများကြီးအထောက်အပံ့ဖြစ်မယ်ဆိုတာ ယုံကြည်ပါတယ်။ နိုင်ငံတော်အစိုးရမှလည်း ဆောင်ရွက်ပေးလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ဒီလိုထုတ်လွှင့်ပေးရင် သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာ၊ သင်ကြားမှု၊ သင်ယူမှု သုတေသနသတင်းအချက်အလက်တွေကို တစ်နိုင်ငံလုံးရှိ နိုင်ငံသူနိုင်ငံသားအားလုံး အချိန်နှင့်တစ်ပြေးညီ ရရှိခံစားရမှာဖြစ်ပါတယ်။ ပညာရေးရဲ့အခြေခံကို ခိုင်မာအောင်တည်ဆောက်ပါမှ စီးပွားရေးအခြေခံကောင်းဖြစ်လာပါမယ်။ စီးပွားရေးအခြေခံကောင်းဖြစ်လာမှ ငြိမ်းချမ်းရေးအခြေခိုင်လာပါမယ်လို့ တရုတ်အတွေးအခေါ် ပညာရှင် ကွန်ဖြူရှက်က ဆိုခဲ့ဖူးပါတယ်။

သို့ပါ၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းသော မြန်မာ့ပညာရေးပြောင်းလဲမှုအထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြှင့်တင်နိုင်စေ ရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသော မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel)တစ်လိုင်း သီးခြား ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၄-၇-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနဲ့အညီ ထိရောက်စွာဖြေရှင်း ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်အောင်လွင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအဝန်း ဖြစ်ပွားလျက်ရှိတဲ့ သစ်ခိုးထုတ်နေမှုများနဲ့ပတ်သက်ပြီးတော့ အဆိုတစ်ရပ်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ကမ္ဘာကြီးဟာ ဘေးမျိုးစုံဝိုင်းရံနေပါတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးနေတယ်။ ဖန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာကြီးရဲ့ အပူချိန်မြင့်မားလာတယ်။ ရေခဲတောင်တွေ အရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတယ်။ ရာသီဥတုတွေဖောက်ပြန်လာတယ်။ သဘာဝဘေးဆိုးတွေကြုံလာရတယ်။ ရေကြီး၊ မြေပြိုတယ်။ မိုးခေါင်၊ ရေရှား၊ လေပြင်းတိုက်၊ အယ်လ်နီညို၊ လာနီညာ၊ အိုဇုန်းလွှာပေါက်၊ ဇီဝမျိုးစုံမျိုးကွဲတွေ ကွယ်ပျောက်စသည်ဖြင့် မီးခိုးမဆုံး၊ မိုးမဆုံး ဆိုးကျိုးတွေတွေ့ကြုံခံစားနေရပါတယ်။ အဲဒီဘေးတွေက ကမ္ဘာမြေကို ကာကွယ်ဖို့၊ လူသားမျိုးနွယ်တွေရှင်သန်ဖို့ အဓိကအကျဆုံးအချက်က သစ်ပင်၊ သစ်တောတွေကို ထိန်းသိမ်းဖို့ပါပဲ။ အဲဒီလို သစ်ပင်၊ သစ်တောတွေထိန်းသိမ်းဖို့ အရေးတကြီးလိုအပ်နေချိန်မှာ ကျွန်တော်တို့နိုင်ငံမှာတော့ တရားမဝင်သစ်ခိုးထုတ်နေမှုတွေဟာ နိုင်ငံအနှံ့အပြားကြီးမားစွာ ဖြစ်ပွားလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလနဲ့ မေလ နှစ်လမှာ တရားမဝင်သစ် ၁၄၂၂၂. ၀၈ တန် ဖမ်းဆီးရမိခဲ့ပါတယ်။ နိုင်ငံအဝန်း သတင်းစာတွေ၊ စာစောင်တွေမှာ တရားမဝင်သစ်မှောင်ခို ဖမ်းမိမှုတွေဟာ နေ့စဉ်ရက်ဆက်တွေ့နေရပါတယ်။ တကယ်တော့ အဲဒီဖမ်းဆီးမိမှုတွေဟာ ရေမျက်နှာ

အဖြစ်မြင်ရတဲ့ ရေခဲတုံးရဲ့အစိတ်အပိုင်းမျှသာပါ။ ဖမ်းမိတဲ့ သစ်တန်များစွာဟာ ရေပြင်အောက်က ရေခဲထုပမာ များပြားလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို တရားမဝင်သစ်ခိုးထုတ်မှုတွေ အကြီးအကျယ်ဖြစ်ပွားနေတာဟာ စိတ်ကွယ်ရာကြောင့်မဟုတ်ဘဲနဲ့ သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်းတံတားဂိတ်တွေအဆင့်ဆင့်ကိုဖြတ်ကျော်ဖြစ်ပွားနေတာပါ။ အောက်ခြေတာဝန်ရှိသူ တာဝန်ရှိသူအဆင့်ဆင့်ကြားကဖြစ်ပွားနေတာပါ။ ဒီမိုကရေစီအစိုးရခေတ်မှာ ပွဲတော်ကြီးတိုးသလို ပျော်ပျော်ကြီးခိုးထုတ်နေတာတွေ့ရပါတယ်။ တာဝန်သိပြည်သူတွေက သတင်းပေးရင် ချက်ချင်းပေါက်ကြားပြီးသား၊ တန့်လှန့်ပြီးသားပါ။ မတော်လို့ ၁၀ ရေး၊ ၁ ရေးဖမ်းမိဦးတော့ ဆင်ကြီးတစ်ကောင်လုံးဖမ်းမိပြီး ဆင်ခြေရာမတွေ့သလို ပိုင်ရှင်မဲ့ဖြစ်သွားပါတယ်။ ကားရော၊ လူရော ဖမ်းမိရင် တာဝန်ရှိသူတွေက ဥပဒေ၊ နည်းဥပဒေပိုင်နိုင်စွာ ပိုင်ရှင်ခွဲပြတယ်၊ တန်ချိန်လျှော့ပြတယ်၊ ပင့်ကူအိမ် နကျယ်ကောင်ဖောက်သလို ဥပဒေကို ဖောက်ထွက်နိုင်ကြပါတယ်။ မြို့နယ်တာဝန်ရှိသူတချို့ကတော့ သားရွှေအိုးထမ်းကိန်းဆိုက်တာပါပဲ။ လွတ်ရင်ပုံမှန်ရတယ်၊ မိသွားရင် အထုတ်အထည်လိုက်ယူပြီး လွှတ်လိုက်တာများပါတယ်။ ဘာလာလာ Down တယ်ဆိုတဲ့ စကားလိုဖြစ်နေပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ဘိုးဘေးတွေစနစ်တကျထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ နောင်လာနောင်သားတွေ အရှည်သုံးဆောင်ခံစားရမယ့် သဘာဝတရားရဲ့အမွေ ကျွန်း၊ ပိတောက်၊ တမလန်းစတဲ့ တိုင်းပြည်ရတနာတွေဟာ ခွေးလျက်တဲ့ထန်းလျက်ခဲပမာ လုံးပါးပါးလာပါတော့တယ်။ သစ်ခိုးထုတ်မှုတွေမှာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်တာဝန်ရှိသူတွေကိုယ်တိုင် ပါဝင်ပတ်သက်ကျူးလွန်မှုတွေကို တွေ့ကြုံလာရပါတယ်။ သစ်မှောင်ခိုသမားတွေကို Cover ပေးတယ်။ ရှာသုံး၊ အိမ်သုံးလေးတွေကိုဖမ်းတယ်။ ငါတို့က မဖမ်းချင်ဘူး။ မင်းတို့တင်တဲ့ကိုယ်စားလှယ်တွေက ဖမ်းခိုင်းလို့ဖမ်းရတာ။ မဲပေးချင်ဦးလေလို့ ပြည်သူနဲ့ကိုယ်စားလှယ်ကို စနစ်တကျရန်တိုက်ပေးခြင်းတွေ တွေ့လာရပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလက ရန်ကုန်မြို့ MIP ဆိပ်ကမ်းဝင်းအတွင်း တရားမဝင်ကျွန်းသစ် ကွန်တိန်နာနှစ်လုံးကွင်းဆက်မှာ ကျွန်း၊ ပိတောက်၊ တမလန်း သစ်တန်ချိန် ၁၂၀၀ ကျော် ဖမ်းမိခဲ့မှုဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် သစ်မှောင်ခိုကျူးလွန်နေသူတွေရဲ့ လက်တံဘယ်လောက်ရှည်လျားတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကာလဟာ မြန်မာနိုင်ငံရဲ့ သစ်တောတွေအပြုန်းတီးဆုံးကာလပါ။ သစ်တောနဲ့သစ်ပင် ချစ်ခင်မဆုံး၊ သစ်တောမြင်အကုန်ခုတ်တောပြုတ်ပြုတ်ပြုန်းလို့ ပြောစမှတ်ပြုခဲ့ကြပါတယ်။ သဘာဝပတ်ဝန်းကျင် ပညာရှင်ကြီးတစ်ဦး

မျက်ရည်စက်လက်နဲ့ ဖြေမဆည်နိုင်ပြောပြခဲ့ဖူးပါတယ်။ ဒီလိုနဲ့ ကမ္ဘာ့သစ်တောပြုန်းတီးမှုအဆိုးဆုံး တတိယအဆင့်ကိုရောက်ခဲ့ပါတော့တယ်။ အဲဒီအခြေအနေတွေကုစားဖို့ ပြည်သူ့အစိုးရတက်လာချိန်မှာ နိုင်ငံခြားငွေအထူးလိုအပ်နေပေမဲ့ အမြော်အမြင်ကြီးမားစွာနဲ့ နိုင်ငံအဝန်းသစ်ထုတ်လုပ်မှု တစ်နှစ် ရပ်ဆိုင်းခြင်း၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်ခဲ့တဲ့အတွက် လူသာခုခေါ်၊ နတ်သာခုခေါ်ဖြစ်ကြရပေမဲ့ အောက်ခြေအဆင့်ဆင့်မှာတော့ ပွဲတော်ကြီးသဖွယ် သစ်ခိုးထုတ်မှုတွေက ပြည်သူ့အစိုးရရဲ့ ညွှန်ကြားချက်တွေကို လွှတ်တော်ကြီးမှ တည့်မတ်ထိန်းကျောင်းပေးနေမှုတွေကို ကောင်းကောင်းကြီးပြက်ရယ်ပြုလျက်ရှိနေတာကို တွေ့ရပါတယ်။ တရားဥပဒေစိုးမိုးမှုဆိုတာကို မေးခွန်းထုတ်စရာဖြစ်နေပါပြီ။

ကျွန်တော့်မဲဆန္ဒနယ်မြေ စေတုတ္တရာမြို့ဟာ ရခိုင်ရိုးမတောင်ခြေ သစ်တောဧရိယာမှာ တည်ရှိပါတယ်။ မဲဆန္ဒနယ်မြေဆင်းသွားလို့ မိုးချုပ်သွားတာနဲ့ လမ်းမှာနဖူးတွေ့၊ ဒူးတွေ့ တွေ့ရတာက သစ်မှောင်ခိုကားတွေပါ။ စလင်း-စေတုတ္တရာကားလမ်းအတိုင်း ည ၁၁ နာရီခန့်မှ မနက် ၃ နာရီခန့်မှာ မတော်လို့ခရီးသွားကြရတဲ့သူတွေ အကြိမ်ကြိမ်ကြုံတွေ့ရတာက သစ်မှောင်ခိုကားတွေပါ။ မြောင်းဦးဂိတ်၊ ကန်မြဂိတ်၊ မဲဇလီတံတားဂိတ်တွေကို ဥဒဟိုဖြတ်သန်းသွားလာနေကြတာပါ။ ၆-၇-၂၀၁၇ ရက်နေ့ည ၁၂ နာရီအချိန်ခန့်က စေတုတ္တရာမြို့အနီး အောက်ပုံကျေးရွာအနီးမှာ တာဝန်သိပြည်သူတွေရဲ့ သတင်းပေး၊ ပူးပေါင်းပါဝင်ဖမ်းဆီးမှုကြောင့် မရှောင်သာ၊ မရှားသာ ပိတောက်သစ်ကားနှစ်စီး ဖမ်းမိပါတယ်။ အဲဒီအမှုမှာ မြို့နယ်ထွေအုပ်ဝန်ထမ်းနှစ်ဦးကျူးလွန်နေတာကို တွေ့ရှိရပြီးတော့ ဖမ်းဆီးမှုမှာ ပါဝင်ခဲ့တဲ့ တာဝန်သိပြည်သူတွေကို ခြိမ်းခြောက်ခံခဲ့ရပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ကြိုးစားနေကြတဲ့ ကိုယ်စားလှယ်တွေကို သစ်မှောင်ခိုသမားတွေက အသက်အန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်တာတွေကို ခံနေရပါပြီ။ Power Point ပိတ်လို့ရပါပြီခင်ဗျား။

ပြီးခဲ့တဲ့ခေတ်တစ်လျှောက်မှာ ငတေမာစိတ်ဓာတ်နဲ့ထင်ရာစိုင်း ကိုယ်ကျိုးရှာခဲ့ကြလို့ တိုင်းပြည်လည်း ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဖြစ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ပြည်သူ့အစိုးရခေတ်မှာတော့ နိုင်ငံတော်နဲ့နိုင်ငံသားတွေ အရှည်သဖြင့် အကျိုးအတွက် ထိန်းသိမ်းရမယ့်တာဝန်ဟာ ကျွန်တော်တို့ပုခုံးထက်မှာ ကျရောက်နေပါပြီ။ ကျွန်တော်တို့တာဝန်မကျေရင် အနာဂတ်မှာ သမိုင်းတရားခံဖြစ်ရပါလိမ့်မယ်။ ဒါ့ကြောင့် ဒီနေ့ဒီအချိန်ကစပြီး ကျွန်တော်တို့ တာဝန်ကျေပွန်ကြရပါမယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေက မိမိတို့ရပ်ကွက်/ကျေးရွာအလိုက် တာဝန်ချိန် သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်း၊ တံတား ဂိတ်တွေက မိမိတာဝန်ကိုကျေပွန်ကြရင် မြို့နယ်အဆင့်တာဝန်ရှိသူတွေက မိမိ

မြို့နယ်အလိုက် တာဝန်ကျေပွန်ကြရင် ယခုဖြစ်ပွားနေတဲ့ သစ်ခိုးထုတ်မှုတွေရဲ့ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရခိုင်နှုန်းတွေဟာ တားဆီးပြီးဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် နိုင်ငံအဝန်း ကြီးမားစွာဖြစ်ပွားလျက်ရှိတဲ့ သစ်ခိုးထုတ်မှုများ၊ သစ်မှောင်ခိုမှုများကို ဥပဒေနဲ့အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးစိုးလွင်(ငဖဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကာယ၊ စိတ္တသုခနှစ်ဖြာပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ငဖဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့်(ခ)ဦးစိုးလွင် ဖြစ်ပါတယ်။ စေတုတ္တရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် တင်သွင်းတဲ့ နိုင်ငံအဝန်းကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနဲ့အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ကမ္ဘာ့ အကောင်းဆုံးကျွန်းသစ်တောကြီးတွေ၊ သဘာဝသယံဇာတတွေ၊ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲတွေ ပေါကြွယ်ဝ တဲ့နိုင်ငံပါ။ အဲဒီအဖိုးတန်သစ်တောကြီးတွေကို မြန်မာဘုရင်အဆက်ဆက် ဗြိတိသျှအစိုးရခေတ်၊ ဖ.ဆ.ပ.လ အစိုးရခေတ်၊ မ.ဆ.လ အစိုးရခေတ်တွေမှာ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ ပါတယ်။ ၁၉၉၀ ခုနှစ်အထိ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဟာ ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် မှ ၂၀၁၅ ခုနှစ် ကာလဟာ သစ်တောပြုန်းတီးမှုအများဆုံးကာလဖြစ်ပြီး ၄၂.၉၂ ရခိုင်နှုန်း သာ ကျန်ပါတော့တယ်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ တရားမဝင်သစ်ခိုးထုတ်မှုများ ကြောင့် ဒေါ်လာဘီလီယံနဲ့ချီ၍ နစ်နာခဲ့ရပါတယ်။ ဗြိတိန်နဲ့ ဝါရှင်တန်ဒီစီအခြေစိုက်သဘာဝ ပတ်ဝန်းကျင် စုံစမ်းထောက်လှမ်းရေးအဖွဲ့(EIA)မှထုတ်ပြန်ချက်အရ မြန်မာ့သစ်များကို လိုသည်ထက် ပို၍ ခုတ်ယူခြင်း၊ နှစ်စဉ်သတ်မှတ်ပမာဏတွေကျော်လွန်၍ ခုတ်ယူခြင်းတို့ကြောင့် ကျွန်းသစ်၊ ပိတောက်နဲ့ တမလန်းသစ်တို့ကဲ့သို့သော မြန်မာ့အဖိုးတန်သစ်များဟာ တရားမဝင်ခုတ်ယူခံရမှု ကျယ်ပြန့်စွာဖြစ်စေခဲ့ကာ သစ်တောပြုန်းတီးမှုအဆိုးဆုံးအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဟက်တာ ၅၄၀၀၀၀ ကျော် သစ်တောပြုန်းတီးခဲ့တယ်လို့ ဖော်ပြခဲ့

ပါတယ်။ ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆိုးဆုံးတတိယအဆင့် ရှိနေပါတယ်။ သစ်တောများပြုန်းတီးရခြင်းရဲ့ အကြောင်းအရင်းတွေမှာ နိုင်ငံတော်ရဲ့တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ငွေကြေးနဲ့အာဏာကို အလွဲသုံးစားပြုလုပ်ခြင်းနဲ့ ပြည်တွင်းလက်နက်ကိုင်စစ်ပွဲများက အဓိကဖြစ်နေပါတယ်။ သစ်တောများပြုန်းတီးမှုရဲ့ အကျိုးဆက်အနေနဲ့ ရာသီဥတုဖောက်ပြန်လာပြီး မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဖန်လုံအိမ်အာနိသင်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ အယ်လ်နီညိုကဲ့သို့ ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းကြောင့် မြစ်ချောင်းအင်းအိုင်များ နုန်းဖို့ပြီး မြေအောက်ရေနိမ့်ကျကာ သောက်သုံးရေ၊ စိုက်ပျိုးရေရှားပါးလာခြင်း၊ နာဂစ်၊ ဂီရိ၊ ကိုမန်၊ ၂၀၁၅ ခုနှစ်ရေဘေးကဲ့သို့သော သဘာဝဘေးဆိုး၊ ကပ်ဆိုးများကျရောက်ခြင်းစတဲ့ မဆုံးနိုင်တဲ့ဆိုးကျိုးတွေကို ပြည်သူတွေခံစားနေကြရပါတယ်။ ဒါကြောင့် သစ်တောများပြုန်းတီးမှုရဲ့အဓိကအကြောင်းရင်းဖြစ်တဲ့ တရားမဝင်သစ်ခုတ်လှဲ၊ ခိုးထုတ်နေမှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တားဆီးကြရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်လို့ ပါရှိပါတယ်။ ဒါကြောင့် နိုင်ငံအဝန်း ကြီးမားစွာဖြစ်ပွားလျက်ရှိတဲ့ သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းပေးပါရန်

နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၄-၇-၂၀၁၇ ရက်(သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များတူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်ရအောင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ကထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးလင်းလင်းဦးအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များတူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်ရအောင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်ပိုင်းမှာ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မှာ ဖြစ်ပျက်သွားတဲ့ ရွှေပြောင်းအလုပ်သမားတွေရဲ့အနေအထားပါ။ ယခုလိုအခြေအနေဖြစ်သွားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကယ်ဆယ်ရေးတွေလုပ်ပေးတဲ့အနေအထားတွေပါ။ ဒါကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ကို စုံဆင်းသွားတဲ့ ကျွန်တော်တို့ ရွှေပြောင်းအလုပ်သမားတွေပါ။ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေပါ။ ဒါကတော့ ကျွန်တော်တို့ တနိုင်းမြို့နယ်ပေါ့။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ KIO၊ KIA ထိန်းချုပ်တဲ့ကျေးရွာတွေပေါ့။ အဲဒီကျေးရွာတွေကတော့ အင်ဂါးဂါးနှင့် နန်ဗျူးနန်ခမ့်ကျေးရွာ တွေပေါ့။ ဒီရွာရဲ့တည်ရှိမှုတွေကတော့ ကြာရှိနေပါပြီ။ အဲဒါတွေက ရောက်ရှိလာတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေပါ။ Power Point ခေတ္တရပ်နားပေးပါ။ ပိတ်လို့ရပါပြီ။ ခုနက ဒီဒုက္ခသည်တွေနေတဲ့ အနေအထားတွေ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းအဖြစ် KBC၊ RC၊ AG၊ COC မှာ ပြည်သူတွေ နေရာ ၉၈၈ ဦးရှိပါတယ်။ သူတို့တွေ ကလေး ကျောင်းသားကျောင်းသူက ၂၅၀ ရှိတဲ့ဆိုပြီး တစ်နေ့က တာဝန်ခံနှင့်ဆက်သွယ်တဲ့အချိန်မှာပြောပါတယ်။ သူတို့က ရွှေပြောင်းအလုပ်သမားတွေမဟုတ်ပါဘူး။ KIO, KIA ထိန်းချုပ်တဲ့နယ်မြေမှာရှိတဲ့ အင်ဂါးဂါးတို့ နန်ဗျူးနန်ခမ့်တို့ ကျေးရွာ ကျွန်တော်တို့ ပြည်သူ တွေ၊ တိုင်းရင်းသားပြည်သူတွေဖြစ်ပါတယ်။ ယခုလို ဒီလိုမဖြစ်သွားအောင်လို့ ကျွန်တော် အဆိုတစ်ရပ် တင်သွင်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တင်သွင်းမယ့်အဆိုမှာ ကျိုးကြောင်းဖော်ပြချက်နှစ်ချက်ရှိပါတယ်။ (၁)ကတော့ နိုင်ငံတော်၏သယံဇာတနစ်နာမှုမဖြစ်ပေါ်စေရေး၊ (၂)ကတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုမထိခိုက် စေရေးဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံတော်၏ သယံဇာတနစ်နာမှုမဖြစ်စေရေးနှင့်ပတ်သက်ပြီး ကျွန်တော်တင်ပြရမယ်ဆိုရင် အခု လက်ရှိအာဏာသက်ရောက်လျက်ရှိတဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏အခြေခံမူများမှာ ပုဒ်မ ၃၇ ပုဒ်မခွဲ(က) နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၁ မှာလည်း နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မယ့် ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ပန်ဆောင်လမ်း ဒေသအခေါ်ဆို လီဒိုလမ်းပေါ့။ အဲဒီမှာ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာရှိတဲ့ ရှုနူးစွပ် ဝါရာဇွပ်ကျေးရွာအနီးတစ်ဝိုက်မှာရှိတဲ့ တရားမဝင်ရွှေမှော်တွေ၊ ကျွန်တော်တို့ တနိုင်းမြို့နယ်အတွင်း မှာရှိတဲ့ တရားမဝင်ရွှေမှော်၊ ပယင်းမှော်တွေနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့ သယံဇာတနစ်နာ

ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဒီအခြေခံဥပဒေက အပ်နှင်းထားတဲ့ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးပြီး ဆုံးဖြတ်ချက် သို့မဟုတ် မူဝါဒတစ်ရပ်ကို အမြန်ဆုံးချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ထိုသို့ဆုံးဖြတ်ချက်တွေ သို့မဟုတ် မူဝါဒကို ချမှတ်အကောင်အထည်ဖော်ရာမှာ သတိပြုစရာအချက်နှစ်ချက်ကို တင်ပြလိုပါတယ်။ (၁) အချက်က ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် ဆောင်ရွက်နေတဲ့၊ အကောင်အထည်ဖော်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မထိခိုက်စေဖို့ ဖြစ်ပါတယ်။ (၂)ကတော့ နိုင်ငံသူနိုင်ငံသားများ၏ စားဝတ်နေရေးပြေလည်စေခြင်းနှင့် အလုပ်လက်မဲ့ ပြဿနာနည်းပါးခြင်းတို့ဖြစ်ပါတယ်။ အဆိုပါ တရားမဝင် ပယင်းမှော်၊ ရွှေမှော်များနှင့်ပတ်သက်၍ ချမှတ်လိုက်တဲ့ ဒီဆုံးဖြတ်ချက်တွေ၊ မူဝါဒတွေနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေရာ မှာလည်း ကျွန်တော်တို့ ဒီသက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အုပ်ချုပ်ရေးကို ဆောင်ရွက်နေတဲ့ ပြည်နယ်အစိုးရအဖွဲ့ကသာလျှင် ဦးဆောင်ဖြေရှင်းဆောင်ရွက်သင့်ပါတယ်။ ဒီစစ်ရေးနည်းလမ်းဖြင့် ဖြေရှင်း ဆောင်ရွက်ခြင်းက လုံးဝမှန်ကန်တဲ့နည်းလမ်းမဟုတ်ပါဘူး။ ခုနကလည်း ကျွန်တော် Power Point မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

(၂)အချက်ကတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေရေးဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်သည်ဟု ပြဋ္ဌာန်းပါတယ်။ ဒီအဆိုပါပြဋ္ဌာန်းချက်အရဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါတယ်။ လုပ်ပိုင်ခွင့်လည်းရှိပါတယ်။ သို့သော်ငြားလည်းပဲ ယခုအချိန်ခါမှာ ကျွန်တော်တို့ တနိုင်းမြို့နယ်မှာ ပြည်သူတွေ၊ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေဟာ ကျွန်တော်ရဲ့မဲဆန္ဒနယ် နယ်မြေရှင်းလင်းရေးဆိုတဲ့ခေါင်းစဉ်ကြီးနဲ့ ကြီးမားတဲ့စစ်ပွဲ၊ တိုက်ပွဲတွေ ဖြစ်ပေါ်လာမှာစိုးရိမ်မိကြပါတယ်။ Power Point အသုံးပြုဖို့ ဖွင့်ပေးပါ။ ခုနကစာလေး။ ကျွန်တော်ဒီ ၂၄-၂-၁၉၉၄ တနိုင်းရဲ့အခြေအနေလေးကို နည်းနည်းလေး တင်ပြချင်ပါတယ်။ ၂၄-၂-၁၉၉၄ မှာ ဒီတပ်မတော်အစိုးရလို့ခေါ်တဲ့ နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ KIA တို့အကြား ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ အဲဒီနောက်ပိုင်းမှာ တနိုင်းဒေသဟာ

အေးချမ်းခဲ့ပါတယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက် ဒီ ၁၂-၆-၂၀၁၂ ရက်နေ့မှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ KIA၊ KIO တို့အကြား ဒီပြင်းထန်တဲ့ တိုက်ပွဲတွေဖြစ်ခဲ့သော်လည်း ကျွန်တော်တို့ ဒီတနိုင်းမြို့ လီဒိုလမ်းမဟာ နှစ်ဖက်တပ်တွေ ထိတွေ့မှုအနည်းဆုံးနဲ့။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုပဲ လိုရင်းဆွေးနွေးပါ။ ကိုယ်ဆွေးနွေးချင်တဲ့ အဆိုတင်သွင်းတာကိုပဲ လိုရင်းဆွေးနွေးပေးပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ အဲဒီမှာ ၅-၆-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ဒီ ရွှေမော်တွေပေါ့၊ ပယင်းမှော်တွေမှာ ဒီ KIO, KIA ထိန်းချုပ်တဲ့နေရာမှာ ဒီစာတွေ ဒီပူးတွဲပြခဲ့တဲ့စာ တွေကို ကျဲချခဲ့တယ်ဆိုပြီး လူမှုကွန်ယက်ကသော်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများက လည်းကောင်း ဆက်သွယ်လာလို့သိရှိရပါတယ်။ ဒီလိုစာရွက်မကျဲချခင်မှာ ကျွန်တော်တို့ ၃-၆-၂၀၁၇ မှာ တိုက်ပွဲတွေဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်တဲ့အချိန်ကျတော့ ဒီပယင်းမှော်၊ ရွှေမှော်မှာရှိတဲ့ ဒီတစ်သိန်း ကျော်တဲ့ ဒေသခံပြည်သူများအပါအဝင် လက်လုပ်လက်စားရွှေ့ပြောင်း အလုပ်သမားတွေဟာ ပေးထားတဲ့အချိန် ၅ ရက်နေ့မှာ လုပ်တယ်ဆိုရင် ၁၀ ရက်အတွင်း တနိုင်းမြို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့သို့လည်းကောင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ ဒါကိုလည်း ကျွန်တော် Power Point မှာ တင်ပြထားပြီးဖြစ်ပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး ကျွန်တော် လူမှု ကွန်ယက်ကနေတစ်ဆင့် သိရှိရတာကတော့ ကျွန်တော်တို့ ဒီကနေဒါနိုင်ငံကိုခရီးထွက်နေတဲ့၊ ပြည်တွင်း ငြိမ်းချမ်းရေးဦးဆောင်ဆောင်ရွက်နေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့အပြင် ပြည်ထောင်စု အစိုးရအဖွဲ့မှာလည်း နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကိစ္စနှင့်ပတ်သက်ပြီး ဒီစာနဲ့ပတ်သက်ပြီး မကြားသိသေးကြောင်း ရှင်းလင်းခဲ့တာကို ကျွန်တော် ကြားမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုနိုင်ငံသူနိုင်ငံသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ် နဲ့ပတ်သက်တဲ့ကိစ္စရပ်တွေ၊ ပြည်တွင်းငြိမ်းချမ်းရေးကို ထိခိုက်စေမယ့်ကိစ္စရပ်တွေ၊ နယ်မြေတည်ငြိမ် အေးချမ်းရေးကို ဆောင်ရွက်ရာနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်ရာမှာ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေကို လေးစားလိုက်နာရတဲ့၊ ဒီပြဋ္ဌာန်းဥပဒေကို လေးစားလိုက်နာရတဲ့ လက်နက်ကိုင်တပ်တွေက ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဖြင့်သာလျှင် ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့် မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို

နောင်အခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးလင်းလင်းဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အဆိုရှင် တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ဖားကန့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်ဆိုတာဟာ နယ်နိမိတ်ချင်းထိစပ်နေတဲ့၊ ဆက်စပ်နေတဲ့ မြို့နယ်နှစ်ခုဖြစ်တဲ့အပြင် မြို့နယ်နှစ်ခုဟာ မိုင် ၈၀ လောက် ဆက်စပ်နေတဲ့ မြို့နယ်နှစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ တစ်ခါ တနိုင်းရဲ့ဒေသကို ဝင်ပေါက်၊ ထွက်ပေါက်ဖြစ်တဲ့ မြစ်ကြီးနား-ဖားကန့်-တနိုင်းလမ်းဟာလည်းပဲ ကျွန်တော်တို့ ကမ္ဘာကျော် စတီးလ်ဝဲလမ်းမကြီးလို့လည်းခေါ်တယ်။ နောက်တစ်ခါ လီဒိုလမ်းလို့လည်း ခေါ်တယ်။ နောက် ယခုခေတ်ပိုးလမ်းမကြီးလို့ခေါ်တဲ့ လမ်းမကြီးဟာ ကျွန်တော်တို့ ဖားကန့်မြို့နယ်အတွင်းမှာ မိုင် ၅၀ လောက်ပါဝင်နေပါတယ်။ အဲဒီတော့ ဒီလိုလမ်းမကြီးဘေးတစ်ဝိုက်မှာဆိုရင် လယ်ယာမြေများနှင့် အင်မတန်မှမြေဩဇာကောင်းတဲ့ မြေယာတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေရှိတယ်။ နောက် ဒီလီဒိုလမ်းဘေးမှာပဲ ဟူးကောင်းချိုင့်ဝှမ်းရှိပါတယ်။ ဒီဒေသမှာဆိုလို့ရှိရင် မြေသယံဇာတတွေရှိတဲ့အပြင် မြေအောက်သယံဇာတတွေဖြစ်တဲ့ ရွှေ၊ ပယင်းနဲ့ ကျောက်နီတွေလည်း ထွက်တာတွေ့ရပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနိုင်းနဲ့ ဖားကန့်ဒေသမှာ တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းဟာ ၂၀၀၀ ခုနှစ်ဝန်းကျင်က စတင်ပြီးတော့မှ လုပ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ဒေသခံပြည်သူလူထုက စတင်တူးဖော်လာကြတာဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာနေထိုင်ကြတဲ့ ပြည်သူများ စီရင်စုပေါင်းရောက်ရှိလာပြီးမှ အဲဒီမှာ ရွှေတူးဖော်ခြင်းလုပ်ငန်း အောင်မြင်လာတာနှင့်အမျှ လုပ်သားလိုအပ်ချက်တွေရှိ

လာပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေပြောင်းလုပ်သမားတွေဟာ စုပြုံပြီး ရောက်ရှိလာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တနိုင်းမြို့နယ်အတွင်းနှင့် ဖားကန့်မြို့နယ် အတွင်းမှာရှိတဲ့ ရွှေမှော်များဟာ တစ်ဆက်တစ်စပ်တည်းရှိနေခဲ့ကြတာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေတူးကြသူများနှင့် အလုပ်သမားများ၊ ရွှေရောင်းဝယ်ကြသူများ၊ ရွှေကျင်းသုံးပစ္စည်းရောင်းချသူများ၊ စက်သုံးဆီရောင်းချသူများ၊ အစား အသောက်နှင့် အသုံးအဆောင်ပစ္စည်းရောင်းချသူများ၊ စက်လှေ၊ ကား၊ ဆိုင်ကယ်ပြေးဆွဲကြသူများဟာ အများစုဟာ စားဝတ်နေရေးပြေလည်ပြီးတော့မှ စီးပွားဖြစ်ထွန်းကြတာကိုလည်း ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။ ၂၀၀၇ ခုနှစ်ဝန်းကျင်တစ်ဝိုက်လောက်ကစတင်ပြီးတော့မှ တနိုင်းမြို့နယ်အတွင်းမှာပါဝင်တဲ့ ညောင်ပင်ကုန်းနှင့် ဇီးဖြူးကုန်းနေရာတွေမှာ ကျွန်တော်တို့ လီဆူးလူမျိုးတွေကစတင်ပြီးတော့မှ ပယင်းကို တူးဖော်တွေ့ရှိပြီးတော့မှ အဲဒီကနေ စတင်တူးဖော်လာခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ မိုးကုတ်မြို့နယ်ဘက်ကရှိတဲ့ လုပ်ငန်းရှင်တွေရောက်လာပြီးတော့မှ ဒီပယင်းကို စတင်ပြီးတော့ တူးဖော်လာခဲ့ကြပါတယ်။ အဲဒီမှာ ထန်ပလမ်းနဲ့ အောင်ပါမော်တို့ဟာလည်းပဲ ပယင်းထွက်ရှိတဲ့ အင်မတန်နံမည်ကြီးတဲ့ မှော်တွေပဲဖြစ်ပါတယ်။ ပယင်းတူးဖော်မှုအစည်ကားဆုံး အချိန်ဖြစ်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ဝန်းကျင်တစ်ဝိုက်မှာ အဲဒီပယင်းမှော်တစ်ခုတည်းမှာကို ရှိတဲ့လူဦးရေဟာ ငါးသိန်းလောက်ရှိတယ်ဆိုတာကို ဒေသခံတွေ ပြောကြားချက်အရ သိရပါတယ်။ အဲဒီအချိန်ကာလက တအားစည်ကားတဲ့အချိန်မှာ ပယင်းမှော်နဲ့ ရွှေမှော်တို့တွေမှာ လူဦးရေစုစုပေါင်း ခုနစ်သိန်းလောက်ရှိ တယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် တစ်နည်းပြောရမယ်ဆိုလို့ရှိရင် ဒီတရားမဝင်ရွှေမှော်နှင့် ပယင်းမှော်တွေကို မှီခိုပြီးတော့မှ လုပ်ကိုင်နေကြတဲ့ ပြည်သူလူထုဟာ သိန်းနဲ့ချီရှိပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီကနေတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စားဝတ်နေရေးပြေလည်ကြတယ်ဆိုလို့ ရှိရင်လည်း ပြောမယ်ဆိုရင်လည်း မမှားပါဘူးခင်ဗျား။ ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ဖားကန့်မြို့နယ်အတွင်းမှာရှိတဲ့ လီဒိုလမ်းဘေးမှာရှိတဲ့ ရှနူးစွပ်၊ ဝါရာစွပ်အုပ်စုမှာ အဲဒီရွှေမှော်များကို တပ်မတော်စစ်ကြောင်းတွေက ဝင်ရောက်ပြီး ရှင်းလင်းတာကနေစပြီးတော့မှ တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီဒေသမှာရှိတဲ့ ရွှေမှော် ၁၀ ခုထက်မနည်းနဲ့ အနီးအနား ကျေးရွာတွေက ပြည်သူတွေက ဘေးလွတ်ရာ ဒီနေရာတွေကို မိမိတို့ရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို စွန့်ပစ်ပြီး ရှောင်တိမ်းခဲ့ကြရပါတယ်။ ယခုထက်တိုင် ရှနူးစွပ်အနီးတစ်ဝိုက်မှာရှိတဲ့ ဘာသာရေး အဆောက်အဦတွေမှာ ဒုက္ခသည်စခန်းတွေဖွင့်ပြီး နေရပ်မပြန်နိုင်ဘဲရှိနေကြပါတယ်။ အခု ၂၀၁၇

ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာတော့ နိုင်ငံပိုင်သယံဇာတများ ပျက်စီးဆုံးရှုံးမှုအပေါ်မှာ တပ်မတော်က တနိုင်းဒေသအတွင်းမှာရှိတဲ့ ရွှေမှော်များနှင့် ပယင်းမှော်များအတွင်း နေထိုင်လုပ်ကိုင်ကြသူများအား ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးတော့ ထွက်ခွာသွားကြရာ ရဟတ်ယာဉ်များအပေါ် စာများကြဲချဖြန့်ဝေခဲ့ပါတယ်။ အဲဒီနေ့ကစတင်ပြီးတော့မှ ရွှေမှော်၊ ပယင်းမှော်များမှာ နေထိုင်ကြတဲ့ သိန်းနဲ့ချီရှိတဲ့ ပြည်သူများဟာ မိမိတို့ရဲ့ တစ်ပိုင်တစ်နိုင်ပစ္စည်းများကိုသာ သယ်ဆောင်ပြီး တနိုင်းမြို့နှင့် ခန္တီးမြို့တို့ ထွက်ခွာရှောင်းတိမ်းခဲ့ကြရပါတယ်။ တပ်မတော်နှင့် KIA တပ်ဖွဲ့ဝင်များဟာ ထိတွေ့မှုများ တိုက်ပွဲမြေ ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ပွဲများဟာ တနိုင်းဒေသကနေ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကျွန်တော်တို့ ဖားကန့် ဒေသအထိပါ ကူးစပ်ဖြစ်ပွားလာခဲ့တာကို တွေ့ရပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို တရားမဝင် ရွှေနှင့် ပယင်း တူးဖော်မှုတွေကြောင့် တပ်မတော်က ဖယ်ရှားရှင်းလင်းတဲ့အခါမှာ KIA နှင့်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ဒုက္ခသည်ပြဿနာမြေဖြစ်ပေါ်ခဲ့တာဟာလည်း အကြိမ်များစွာ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်တိုင်းလည်း နစ်နာထိခိုက်ကြရတာက သိန်းနဲ့ချီရှိတဲ့၊ မြေစာပင်ဖြစ်တဲ့ ပြည်သူတွေပဲဖြစ်ကြပါတယ်။ အဲဒီ ရွှေမှော်၊ ပယင်းမှော်တွေမှာ အဓိကရှောင်းဝယ်ဖောက်ကားကြရတာက အကြွေးစနစ်နဲ့ဖြစ်ပါတယ်။ အဟောင်း ပေးအသစ်ယူ။ အကြွေးစနစ်နဲ့လုပ်ကြတဲ့အခါကျတော့ အဲဒီလိုပြဿနာဖြစ်တိုင်း မိမိတို့ အနှစ်နှစ် အလလက ရှာဖွေစုဆောင်းခဲ့သမျှ ငွေကြေး၊ ပစ္စည်းတွေ ဆုံးရှုံးကြရပါတယ်။ ဆိုင်တော်တော်များများ ဟာ သိန်းရာဂဏန်းကနေ ထောင်ကဂဏန်းအထိ ရင်းနှီးထားခဲ့ရတာကြောင့် အခုလို မိုးရာသီမျိုး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အချိန်ကာလမှာ ပြန်လည်သယ်ယူနိုင်ခြင်းမရှိတော့ဘဲနဲ့ လက်လွှတ် ဆုံးရှုံးကြရပါတယ်။ သိန်းနဲ့ချီရှိတဲ့ ပြည်သူတွေရဲ့ နစ်နာဆုံးရှုံးမှုတွေကိုလည်း အားလုံးခံစားနားလည် ပေးကြစေချင်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို လုပ်ကိုင်စားသောက်နေကြရတဲ့ ပြည်သူများဟာ နိုင်ငံတော်က တရားဝင် လုပ်ကိုင်ခွင့်တွေချမှတ်ပြီး လုပ်ကိုင်စေခဲ့မယ်ဆိုရင်တော့ ဘယ်သူမှ အခုလို ဘဝပျက်ရတဲ့အဖြစ်မျိုးတွေ ကြုံတွေ့ခံပြီး တရားမဝင်လုပ်ကိုင်စားသောက်ကြမှာ မဟုတ်ပါဘူး။ ဆယ်စုနှစ် နှစ်ခုနီးပါးလုပ်ကိုင်စားသောက်လာခဲ့ကြပြီး တော်တော့်ကို အခြေကျနေပြီ ဖြစ်တဲ့ တနိုင်းနှင့် လီဒိုလမ်းဘေးမှာရှိတဲ့၊ ဖားကန့်ဒေသမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ စားဝတ်နေရေး နှင့်အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးကိုအခြေခံပြီး ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ညှိနှိုင်းတိုင်ပင်ပြီး လုပ်ပိုင်ခွင့်များ ချမှတ်ပေးစေသင့်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လီဒိုလမ်းဘေးဝဲ၊ ယာမှာရှိတဲ့ ဒေသခံ တောင်သူလယ်သမားများဟာ ခေတ်အဆက်ဆက်က မြေသိမ်း၊ ယာသိမ်းမှုတွေကြောင့်မို့လို့ လယ်မဲ့၊ ယာမဲ့ရောက်နေရတဲ့သူတွေ အများကြီးရှိပါတယ်။ လယ်၊ ယာမဲ့တောင်သူလယ်သမားတွေအတွက် ဒီရွှေမှော်၊ ပယင်းမှော်တွေဟာ သူတို့ဘဝရဲ့ မျှော်လင့်ချက်တွေပဲ ဖြစ်ကြပါတယ်။ လယ်ယာလုပ်ကိုင် ချင်ကြတဲ့သူတွေအတွက်လည်း သူတို့ရဲ့ထွက်ကုန် ဆန်စပါးတွေဟာ ဈေးကွက်နှင့် အင်မတန်မှ ဝေးလှပါတယ်။ ခါတိုင်း ရွှေမှော်တွေရှိနေလို ဆန်ဈေးကောင်းပြီး အခုလို ရွှေမှော်တွေပျက်၊ ပယင်း မှော်တွေပျက်တဲ့အခါမှာတော့ ဆန်ဈေးကွက်မရှိတော့လို့ အရင်တုန်းက စပါး ၁၀၀ ရောင်းလို့ရတဲ့ ငွေဟာ အခုဆိုရင် စပါး ၂၀၀ ရောင်းမှရတော့တယ်။ စီးပွားရေးမကောင်းတော့လို့ အဲဒီကိစ္စဖြေရှင်း ပေးပါလို့ ကျွန်တော် ပြည်သူလူထုနဲ့တွေ့ဆုံတဲ့အခါမှာ အဲဒီက ဒေသခံတွေက တင်ပြကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် သယံဇာတ ဖြစ်တဲ့ ရွှေမှော်၊ ပယင်းမှော်တွေကြောင့် အခုလို တိုက်ပွဲတွေဖြစ်ပေါ်လာတိုင်း နယ်မြေဒေသ တည်ငြိမ် အေးချမ်းမှုပျက်ယွင်းရသလို ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွေ တုံ့ဆိုင်းနှေးကွေးခဲ့ရကြောင့် တနိုင်းမဲဆန္ဒနယ် လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦး တင်သွင်းတဲ့ တရားမဝင်ရွှေနှင့် ပယင်းတူးဖော်ဆောင်ရွက်နေမှုများကို ယခုကဲ့သို့ နောင်အခါ မဖြစ်ရလေအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်း ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးလင်းလင်းဦး တင်သွင်းတဲ့အဆို ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တနိုင်းမဲဆန္ဒနယ်က ဦးလင်းလင်းဦး တင်သွင်းတဲ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၄-၇-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ကျင်းပမယ့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင်ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့
## (၁၃.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ




ဦးခင်ချို
(လှိုင်းဘွဲ့ မဲဆန္ဒနယ်)



ဦးငြိမ်းသစ်
(မဟာအောင်မြေ မဲဆန္ဒနယ်)



ဦးမောင်မြင့်
(မင်းကင်း မဲဆန္ဒနယ်)



ဦးဝင်းဝင်း
(မင်းဘူး မဲဆန္ဒနယ်)



ဦးထွန်းထွန်း
(ပွင့်ဖြူ မဲဆန္ဒနယ်)



ဒေါ်ချိုချို
(အုတ်တွင်း မဲဆန္ဒနယ်)



ဒေါက်တာဖေမြင့် (ဝန်ကြီး)
ပြန်ကြားရေး ဝန်ကြီးဌာန



ဦးအုန်းဝင်း (ဝန်ကြီး)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေး ဝန်ကြီးဌာန



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်